
mmcybermedia.com



ဆရာသစ္စာနီရဲ့ အခြားသောအရာများနှင့်လူ
ဝတ္ထုတိုစု ကို ကျွန်တော်ရိုက်တင်ပေးပါ့မယ်။
စာအုပ်မှာ ပါတဲ့ အစဉ်အတိုင်း မဟုတ်ဘဲ
အလျဉ်းသင့်သလို ရိုက်တင်ပေးသွားပါ့မယ်။
ကျေးဇူးပါ။

moezaw12 (mmcybermedia)

mmcybermedia.com

edit & PDF • rfanquee (mmcybermedia)

# သစ္စာနီ

## အခြားသောအရာများနှင့်လူ

3 ပန်းပွင့်နှင့်လူ
25 အိမ်နှင့်လူ
33 ပိုက်ဆံနှင့်လူ
38 တိမ်နှင့်လူ

# ပန်းပွင့်နှင့်လူ

သူ...ဆယ်တန်း ဖြေသည့်နှစ်မှာပင် ဦးလေး၏ဇနီးဆုံးပါးသွားသည်။ ဦးလေးသည် ပို၍ စကားနည်းကာ ပို၍ ဆေးတံသောက်လာသည်။ မင်းဝေလည်း ဆယ်တန်းအောင်၍ တက္ကသိုလ် ရောက်လာသည်။ ဒဿနိကဗေဒ ယူသည်။ တတိယ နှစ်ဝက် အရောက်တွင် သူ့ သဘောနှင့်သူ ကျောင်းထွက်ပစ်လိုက်၏။ ဦးလေးကိုတော့ ကျောင်းမနေချင်တော့ဘူး ဟု အကြောင်းပြသည်။

သို့ဖြင့်....ဘဝတွင်။
မော်တော်ဆိုင်ကယ် တစ်စီးနှင့် သူ့ အလိုပါသော ကောင်မလေးများကို တစ်ယောက်ပြီးတစ်ယောက် နောက်က တင်စီးကာ မြို့အနှံ့ လည်၏။ ဟိုတယ်မျိုးစုံမှာ အကောင်းစားအရက်မျိုးစုံကို သောက်မူး၏။ တစ်နေ့တည်းလေးပွဲဆက် ရုပ်ရှင်ကြည့်၏။ တခါတရံတော့ တစ်ပတ်လုံး အပြင် မထွက်ဘဲ အခန်းအောင်းကာ စာအုပ်တွေတစ်အုပ်ပြီးတစ်အုပ် ပြောင်းဖတ်နေသည်။ တစ်အုပ်မကုန်ခင် နောက်တစ်အုပ်ဖတ်၏။ (အပျော်ဖတ်စာအုပ်များ မဟုတ်ပါ) ဘယ်စာအုပ်ကမှ အဆုံးထိ ဖတ်ဖြစ်အောင်သူ့ကို မဆွဲဆောင်နိုင်။ သူ့ခုတင် ဘေးပတ်လည် ကြမ်းပြင်ပေါ်တွင်လွှင့်ပစ်ထားသော စာအုပ်များနှင့် စီးကရက်တိုများ ပြန့်ကျဲ ပွရှုပ်နေသည်။

သူ တစ်ခုခုကို ရှာနေမှန်းတော့ သူ့ကိုယ်သူ သိသည်။ သို့သော်...ဘာကိုရှာနေမှန်းတော့ မသဲကွဲ။ သေချာတာတစ်ခုတော့ ရှိသည်။ သူ ရှာဖွေနေသောအရာသည် သူတွဲခဲ့သော ကောင်မလေးတွေဆီမှာ လည်း မရှိ။ ရောင်စုံအရက်ထဲမှာလည်း မရှိ။ ရုပ်ရှင်ရုံ ထဲမှာလည်း မရှိ။ နောက်ဆုံး စာအုပ်များထဲတွင်ရှိမည်ဟု ထင်ရသော်လည်း မရှိ။ သို့ဖြင့် သူ ဘာမှ မလုပ်ဘဲ နေပြန်သည်။ အရက်





နှင့် စီးကရက် မသောက်တော့ဘဲ၊ ရုပ်ရှင်မကြည့်ဘဲ၊ ကောင်မလေးတွေနှင့် မတွဲဘဲ၊ နောက်ဆုံး စာပင်မဖတ်ဘဲ နေသည်။

သူ့ ဦးလေးက "မင်းဘာလုပ်ချင်သလဲ" ဟု မေးသည်။ ကျွန်တော် ပျော်ရွှင်ချင်တာ ထင်တာပဲ ဟု သူက မသေမချာ ဖြေ၏။ သူ့ ဦးလေးက ဆေးတံကို ကိုက်ကာ အတော်ကြာအောင် ငြိမ်သက်နေပြီးမှ "ပျော်ရွှင်မှု... ဟုတ်လား"ဟု အခုမှ မိုးပေါ်က ကျလာသော စကားလုံး တစ်လုံးကို တွေ့လိုက်ရသလို အထိတ်တလန့် ရေရွတ်ရင်း "မင်းပြောမှ ငါ သတိထားမိတယ်၊ ငါတော့ အဲဒါကို မရှာခဲ့ပါဘူးကွာ "ဟု ဆိုသည်။ အတန်ကြာအောင် ဆိတ်ငြိမ်စွာ တွေးတောဟန် ပြုနေပြီးမှ...

"ငါ...စာသင်တယ်၊ မိန်းမယူတယ်၊ တခါတလေ ရယ်မောတယ်၊ ကလေးတစ်ယောက် ရခဲ့တယ်၊ မျက်စိမှုန်လာတယ်၊ ထမင်းစားကောင်းတဲ့အခါ ကျေနပ်တယ်...အဲ...ဒါပါပဲ၊တကယ်တော့ ဘဝဆိုတာ ဒီလောက်ပါပဲကွာ" ဟု ပြောရင်း မီးသေနေသော ဆေးတံကို မီးညှိသည်။ တစ်ဖွာနှစ်ဖွာ ရှိုက်လိုက်ပြီးမှ...လေသံတိုးတိုးဖြင့်....

"မင်း အခု အဲဒါကို တွေ့ပြီလား"

ဦးလေးသည် ပျော်ရွှင်မှု ဆိုသော စကားလုံးကို နှုတ်မှ ထွက်ရမှာ ဝန်လေးဟန်ရှိသည်။ ဦးလေးအကြောင်း သူကောင်းကောင်း သိသည်။ ဦးလေးသည် အသက်ခြောက်ဆယ်နားနီးနေပြီ ဖြစ်သည့်တိုင် လက်ဖက်ရည်ဆိုင်တွင် တစ်ခါမှ ထိုင်သောက်ဖူးသူ မဟုတ်ချေ။ မင်းဝေက...

"တခြားသူတွေ အတွက် ပျော်စရာ လို့ ဆိုကြတဲ့ ကိစ္စတွေ အားလုံးလိုကို ကျွန်တော် အကုန်လျှောက်လုပ် ကြည့်တယ်၊ ပျော်သလိုလို ရှိတယ်လို့တော့ ထင်စရာပဲ၊ ဒါပေမယ့် အဲဒါဟာလဲ ကျွန်တော် လိုချင်တာ မဟုတ်ဘူးဆိုတာ သိလာပြန်တယ်"

"ဆေးပညာ ရှုထောင့်က ပြောရရင် အကောင်းဆုံးကတော့ မင်း စိတ်ရောဂါကု ဆရာဝန် တစ်ယောက်ယောက်နဲ့ တိုင်ပင်ကြည့်သင့်တယ် ထင်တာပဲ"

ဦးလေးက အတည်ပြောခြင်း ဖြစ်ဟန် တူသော်လည်း သူက ပြုံးနေခဲ့သည်။ ဤကိစ္စကိုပင် သူ့မိတ်ဆွေ ကိုဘုန်းမြင့် နှင့် ဆွေးနွေးမိတော့...

"ပျော်စရာရှာတယ်ဆိုတာ လူပေါ့လူသွမ်းတွေအလုပ်ပါဗျာ၊ ပျော်ရွှင်ခြင်းဆိုတာ ကျွန်တော့် အတွက်တော့ အဓိပ္ပာယ်မရှိလှပါဘူး၊ လေးနက်တဲ့ခံစားမှု တစ်ခုလည်းမဟုတ်ဘူး၊ အနှစ်သာရ လည်းကင်းမဲ့ပါတယ်။ ပျော်ရွှင်ခြင်းဆိုတာ အေးစက်တယ်၊ ဒါပေမယ့် ခင်ဗျားကို လောင်ကျွမ်းမယ်၊ ကျွန်တော်ကတော့ လူတွေဟာ ငြိမ်သက်တည်ကြည်မှု ကိုသာ ရှာဖွေသင့်တယ် ထင်ပါတယ်..."

အဲဒီကိစ္စ များမှ သူကျောင်းက ထွက်ပြီးစကာလများက ဖြစ်ခဲ့သည်။ သည်တုန်းက သူလည်း ယခုနေထိုင်သော လေးထပ်တိုက် ခေါင်မိုး ပေါ်မှ အခန်းကလေးသို့ မရောက်သေး။ ဦးလေး တို့နှင့် အတူ ပါရမီကတစ်ထပ်တိုက်ကလေးမှာပင် နေထိုင်နေသေးသည်။ သူ့အစ်ကို (ဝမ်းကွဲ) အောင်ဖေညွန့်ကတော့ "မင်း စိတ်လေနေတယ် ထင်တယ် အလုပ်တစ်ခု ဝင်လုပ်ကွာ" ဟု ပြောရင်း သူ အလုပ်လုပ်နေသော မြို့လယ်ရုံးကြီး တစ်ရုံး တွင် အလုပ်သွင်းပေးခဲ့၏။ အလုပ်ဝင်ပြီး တစ်နှစ် မပြည့်မီအလုပ်ကို မငြီးငွေ့ဘဲ စာရေးဘဝကို ငြီးငွေ့လာကာ ခွင့်လည်းမတင် အလုပ်လည်း မဆင်းဘဲ နေလိုက်သဖြင့် သူ အလုပ်ပြုတ်သွားသည်။ ဤကိစ္စအတွက် သူ့အစ်ကိုကသူ့ကို စိတ်ခုကာ တစ်လ ခန့် မခေါ်မပြောဘဲ နေလေသည်။

သူ့ ဦးလေးကတော့ ဆေးတံ တစ်အိုးပြီးတစ်အိုး ဖွာကာနေသည်။ သို့မဟုတ် ဆေးပညာ စာအုပ် အထူကြီး တစ်အုပ်ကို တစ်နေ့လုံး မပျင်းမရိ ထိုင်ဖတ် နေသည်။

စိတ်ပြေသွားသောအခါ သူ့အစ်ကိုက အလှမ်းဝေးသော သူတို့ အမျိုး ထဲမှ ဘွဲ့ရ မိန်းကလေးတစ်ဦး နှင့် သူ့ကို ပေးစားရန် ကြံစည်သည်။ ထိုမိန်းကလေးကို သူ ငါးနှစ်သမီး အရွယ်ကတည်းက စသိခဲ့၏။ အိမ်မြှောင်ကို မြင်ရုံနှင့် ဆရာဝန် ခေါ်ကုရသော၊ သစ်ရွက်လေတိုးတိုင်း လန့်ဖျပ်နေတတ်သည့် ဖြူရော်ရော် ပိန်ကပ်ကပ် ကောင်မလေးဖြစ်သည်။ သူ့ အစ်ကို စကားဆုံးသည်နှင့် ဟက်ဟက်ပက် ပက် မရယ်စဖူး ရယ်သည်။ သူ့အစ်ကိုက မျက်နှာကြီးနီကာ စိတ်ဆိုး၏။ ဦးလေးကတော့ သူ့ကို တချက်ငဲ့ စောင်းကြည့်ကာ "သူများသားသမီးကို ဒုက္ခမပေးပါနဲ့ကွာ" ဟုသာ မှန်ကန်သော မှတ်ချက်ချ၏။

သုံးရာသီလုံး ဆွယ်တာမချွတ်ရသော ထိုသတို့သမီးလောင်းကို သူ မယူသောအခါ သူ့ အစ်ကိုက ယူလိုက်လေသည်။ ထိုမိန်းမအိမ်ပေါ်မရောက်ခင်လူရှုပ်တယ်ဟုအကြောင်းပြကာ သူအိမ်ပေါ်မှဆင်း လာခဲ့ပြီး ဝိုင်အမ်စီအေတွင် အခန်းငှားနေ၏။ သူ့ဦးလေးက မြို့လယ်တွင်အတော်အသင့် ကောင်းမွန် သော တိုက်ခန်းတစ်ခန်း ဝယ်ပေး၏။ သူ့ကိုမသေခင် အမွေခွဲပေးသည့်သဘောလည်း ပါပေမည်။

ကောင်းမွန် ကျယ်ဝန်း လှသော ဦးလေးဝယ်ပေးသည့် တိုက်ခန်းမှာ အစစအရာရာ သူနှင့် ပိုနေသည်ဟု ခံစားရသဖြင့် ထိုအခန်းကို ပြန်ရောင်းကာယခု လက်ရှိနေသည့် လေးထပ်တိုက် ခေါင်မိုးပေါ်မှ အခန်းကလေးကို သူ ရွေးခဲ့သည်။ ဤ အခန်းကလေးမှာ သူနှင့် အံဝင် ခွင်ကျ ဖြစ်သည်။ ခေါင်မိုးပေါ်တွင် သူ့အခန်းကလွဲ၍ တခြားအခန်းမရှိသဖြင့် နေထိုင်ရတာ လွတ်လပ် သည်။ အသံတိတ်ဆိတ်သည်။ လေသန့်ပြန့်သည်။ နေဝင်နေထွက်နှင့် သစ်ပင် ထိပ်ဖျားများ၊ တခြား အိမ်ခေါင်မိုးများကို စိတ်ရှိတိုင်း ထိုင်ကြည့်နေရသည့် အခွင့်အရေး ကလည်း ကျေနပ်စရာဖြစ်သည်။

သူ့ အခန်းတွင် ကုတင်တစ်လုံး၊ ပြတင်းပေါက်တစ်ခု၊ ကုလားထိုင်တစ်လုံး နှင့် စာရေးစားပွဲ တစ်လုံးသာ ရှိ၏။ နံရံလေးဘက်တွင် ပန်းချီ ကား၊ ဓာတ်ပုံ၊ ပြက္ခဒိန် ဘာမှချိတ်ဆွဲထားခြင်းမရှိ။ သောက်ရေအိုးမရှိ။ (နောက်တော့ ငြိမ်းလာပြီး အတင်းပေးထားသည့် ဖန်ရေတကောင်း တစ်လုံးရှိ သည်။ ခိုက်မိသဖြင့် နှုတ်ခမ်း အတော်ပဲ့နေသည်။)

သည်တုန်းက ငြိမ်းနှင့်လည်း မပတ်သက်သေး။ သို့ဖြင့် သူ့တွင်...သေဖို့ အချိန်ကို ပျင်းပျင်းရိရိ နှင့် စောင့်စားနေရသည့် အလုပ်သာရှိတော့သလို ဖြစ်နေသည်။ တခါတလေတော့ သူ ပန်းဆိုးတန်း သွားသည်။ ထိုပန်းဆိုးတန်း စာအုပ်တန်းတွင် သူနှင့်ခင်သော ကိုသီတာ၊ တင်မောင်ဝင်း၊ ကိုထိန်လင်း၊ ဘုန်းမြင့် စတဲ့ လူတချို့ရှိ၏။ ကဗျာဆရာ၊ ပန်းချီဆရာ၊ အယ်ဒီတာလုပ်ဖူးသူ စာပေ နှင့် ဆက်နွယ်နေသူများ ဖြစ်၏။ သူ... ရုံးမှာ အလုပ်လုပ်စဉ်က ထိုသူများနှင့်လည်း သိကျွမ်းခဲ့သည်။ သူတို့ကလည်း သူ့ကို စာပေသမားသူဌေးကလေးဟု လက်ခံထားကြဟန် တူ၏။

နောက်တော့ ငြိမ်းနှင့် သိခဲ့သည်။ နောက်တော့ သူ နယ်ထွက်ခဲ့သည်။ သူ့အသက် သုံးဆယ်ကျော် ခဲ့ပြီ။ ရန်ကုန်ကလွဲ၍ ဘယ်မှမရောက်ဖူးခဲ့။( ငယ်စဉ်ကတော့ ဦးလေးမိသားစုနှင့်အတူ ပဲခူးသို့ ဘုရားဖူး တစ်ကြိမ်ရောက်ဖူးခဲ့သည်။) သူ...ဧရာဝတီမြစ်ကို မမြင်ဖူးသဖြင့်ကြည့်ရအောင် ပြည်မြို့ ကို ထွက်လာခဲ့ခြင်းဖြစ်သည်။ နောက်တော့ မန္တလေး၊ တောင်ကြီး အထိ ရောက်သွား၏။ တည်းခိုခန်း တွေမှာ ညအိပ်သည်။ ဆိုင်မှာ ဝယ်စားသည်။ တစ်လကျော်ခန့် ရှိ၍ ရန်ကုန် ပြန်ရောက်သောအခါ ပန်းဆိုးတန်းက မိတ်ဆွေတချို့နှင့် အရင်တွေ့၏။ ကိုတင်မောင်ဝင်း က

"ခင်ဗျားကို ငြိမ်း ခဏခဏ လာမေးတယ်၊ ခရီးထွက်တာ သူမသိဘူးဆို"

သူ ခရီးထွက်သွားတာ ဘယ်သူမှ ကြိုမသိ။ နယ်ကနေ၍လည်း ဘယ်ကိုမှ စာမရေး။

"မင်းအခု အဲဒါကို တွေ့ပြီလား"

"ခင်ဗျား ထွက်ပြေးနေတာလား"

ကိုထိန်လင်းက နောက်၏။ သူက ပြုံးကာ...

"နောက်ဆုံး တရားတော်အရပြေးနေတဲ့သူနဲ့ ရပ်နေတဲ့သူဟာအတူတူပဲဗျ ကိုထိန်လင်းရဲ့၊ အဲဒါကို မသိလို့တချို့က မလွတ်နိုင်တဲ့ဆီက အမောခံပြီးထွက်ပြေးနေတာ၊ ကျွန်တော် ဘယ်တော့မှ မပြေးဘူး"

“ဂျွန်အပ်ဒိုက်ရဲ့ ဝတ္ထုတစ်ပုဒ်ထဲက ဇာတ်လိုက်ကတော့ သူ့ဘဝဟာငြိမ်သက်လွန်းအားကြီးလို့ ငြိမ်သက်နေတာအဓိပ္ပာယ်မရှိဘူးဆိုပြီး လက်ရှိဘဝအခြေအနေကိုစွန့်ပြီး ထွက်ပြေးတယ်တဲ့” သူတို့ထဲတွင် ဘာသာရေးကို တီးခေါက်မိသည့် ကိုဘုန်းမြင့်က…

“ပုထုဇဉ်ဘဝဆိုတာ ဘယ်ကလာ ငြိမ်သက်နိုင်ပါ့မလဲ၊ ကိုတင်မောင်ဝင်းရယ်၊ လောကဓံ ရှစ်ပါးရဲ့ဒဏ်ကို ဘယ်သူမဆိုအချိန်နဲ့အမျှ ရိုက်ခတ်ခံနေရတာပဲ၊ အဲ…ငြိမ်သက်တယ်ဆိုတာက ထင်ယောင်ထင်မှား ဖြစ်မှုတစ်ခုဗျ။ လူဆိုတာက လောဘက ပြေးခိုင်းလို့၊မောဟ ကပြေးခိုင်းလို့ မနားတမ်းပြေးနေရတဲ့ သတ္တဝါတွေပါ၊ ဒီဘဝတွင်မဟုတ်ဘူး၊ သံသရာ နဲ့ချီပြီး ပြေးလာရတဲ့ မာရသွန် အပြေးသမားတွေ၊ ကျွန်တော်တို့လဲ အာနာပါနလေးလုပ်လိုက်၊ အမောပြေလိုက်၊ ထပြေးလိုက်ပါပဲ” သူက စကားကို စဉ်းစားနေခိုက်၊ ကိုထိန်လင်းက…

“ခင်ဗျား အစ်ကိုလည်း လာမေးတယ်၊ နယ်သွားတာ သူ့လဲ ပြောမသွားဘူးတဲ့၊ ခင်ဗျား အဘိုးကြီးလည်း ဆေးရုံတင်ထားရတယ်ဆို”

သည်တော့မှ သူ နယ်မသွားခင် တစ်လလောက်က သူ့ဦးလေး ဆေးရုံတင်ထားရတာကို သတိရလာ၏။ ဦးလေးဆိုသော်လည်း ထိုဦးလေးမှာ မွေးစားအဖေ ပင်မို့ သူဂရုစိုက် သင့်သည်။ ဆေးရုံတင်စက သူ တစ်ခေါက် ရောက်ခဲ့သေး၏။ ဘာရောဂါရယ်လို့ အမည် မတပ်ရသေး။

သူ့ အမေက သူ့ကိုဗိုက်ခွဲ မွေးရင်း သေဆုံးခဲ့သည်ဟု ဆို၏။ အမေ့ဓာတ်ပုံတော့ ငယ်စဉ်က သူ့ဆီမှာ ရှိခဲ့ဖူး၏။ နောက်တော့ ဘယ်အချိန်က ပျောက်ဆုံးသွားမှန်းပင်မသိတော့။ သူ ငါးနှစ်သားလောက်မှာ သူ့အဖေ ရုတ်တရက် ကွယ်လွန်ပြန်သည်။ လေဖြတ်တာလား၊ သွေးတိုးလား၊ နှလုံးရောဂါလား၊ တစ်ခုခုဖြစ်မည်။ သူ့ဦးလေးကတော့ ပြောဖူးသည်။ အခုတော့ အဖေ့ရုပ်ပုံလွှာလည်း သူ့အာရုံထဲတွင် ဝိုးတဝါး မှိန်ပါးခဲ့သည်။

သည်ကတည်းက သူ့အဖေ၏ညီ၊ လောကတွင် သူ၏ သက်ရှိထင်ရှား ရှိသည့် တစ်ဦးတည်းသော ဆွေမျိုးရင်းချာဟု ဆိုရမည့် သူ့ဦးလေးထံသူခိုကပ်ခဲ့ရသည်။ သူ့ဦးလေး ဆရာဝန်သည် ချမ်းသာကြွယ်ဝသော မိန်းမနှင့်ရခဲ့၏။ သူတို့တွင် သူ့ထက်ငါးနှစ်ခန့် ကြီးသော အောင်ဖေ ဆိုသည့် သားတစ်ယောက်သာ ရှိခဲ့သည်။ (တက္ကသိုလ် သို့ ရောက်သောအခါ အောင်ဖေညွန့် ဟု ပြောင်းလိုက်သည်။)

ဦးလေးသည် သူ့ကိုသားတစ်ယောက်လိုပင် ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ထိုဦးလေးနှင့် ပတ်သက်၍ ငြိမ်းက “အစ်ကို့အပေါ် စေတနာရှိသားပဲ”ဟု တစ်ခါက မှတ်ချက်ချဖူး၏။ သူလိုချင်တာက စေတနာမဟုတ်ဘဲ မေတ္တာဖြစ်သည်။ (အခုတော့လည်း ဘာကိုမှ မလိုချင်တော့သော သူ





ဖြစ်နေလေသည်။) အမှန်တော့ သူ့ဦးလေးသည် သူ့အပေါ်တွင် တွယ်တာချစ်ခင်ခြင်း ကင်းပြတ်တာမဟုတ်ဘဲ သူ့သဘောအရ အေးတိအေးစက်နေတတ်တာလည်း ဖြစ်မည်။ ဆေးတက္ကသိုလ်မှ ကထိက တစ်ဦးဖြစ်သော ဦးလေးသည် ပညာရှာမှီး ခြင်းမှာ ဘဝကို ပုံချမြှုပ်နှစ် ထားသူဖြစ်သည်။ သားအရင်း ဖြစ်သူ ကိုပင် ငယ်စဉ်ကတည်းက ချော့မြှူချီပိုး တာမျိုး လုပ်လေ့လုပ်ထ မရှိ။ သို့သော် အောင်ဖေညွန့်က သားအရင်း ဖြစ်သဖြင့် စိတ်သိမ်ငယ်စရာ အကြောင်းမရှိ။ ပြီးတော့ သူ့မှာ အမေကို ထောက်ထားတွယ်မှီ နိုင်သေးသည်။

မင်းဝေ (ကလေးတစ်ဦး) အဖို့ကတော့ ငယ်နုစဉ်မှာ (မေတ္တာဆိုပါတော့) အဲဒါ လိုအပ်ခဲ့တာ အမှန်ပင်။ အထူးသဖြင့် မိဘမဲ့ ကလေးတစ်ဦး အဖြစ် သူ့ဘဝ ထိုကွက်လပ်ကြီးမှာ အတော်အတန် ကြီးပြင်းခဲ့သည့် တိုင်အောင်ဤအတိုင်း လပ်ဟာနေခဲ့၏။ နောက် ပိုင်း သူ့အသိဉာဏ် ရင့်မာခဲ့ပြီးမှ ထိုကွက်လပ်ကို တစုံတရာနှင့် အစားထိုး ဖြည့်ဆည်း နိုင်ခဲ့သော်လည်း ထိုတစုံတရာမှာ မေတ္တာတော့ မဟုတ်ခဲ့တော့ချေ။ တုန်လှုပ်ချောက်ချားဖွယ် ကစဉ့်ကလျား အိပ်မက်ငယ်တို့ဖြင့် ပိမွန်းပိတ်လှောင်နေသည့် အေးစက်မည်းမှောင်သော တစ်ယောက်အိပ် အခန်းကျဉ်းကလေးထဲဝယ် သူ့ဘဝဦး၏ အစပိုင်းကာလများမှာ နက်ရှိုင်းစွာ စုတ်နစ်မြုပ်ဝင် ပျောက်ရှခဲ့ပြီ ဖြစ်သည်။

ငြိမ်းနှင့်တွေ့သောအခါ ငြိမ်းသည် သူ့ကို ကယ်တယ်ရန် နောက်ကျခဲ့ပြီ။ တစ်နေ့ ရုပ်ရှင်ရုံထဲတွင် ကလေးတစ်ယောက် ပါသော မိန်းမတစ်ယောက်နှင့် သူ ခုံချင်းကပ်လျက်ကျခဲ့၏။ အသားလတ်လတ် ကိုယ်လုံးသွယ်သွယ်၊ ရိုးရိုးယဉ်ယဉ် ဝတ်စားတတ်သော ငြိမ်းသည် ရုတ်တရက် ကြည့်လျှင် ဆွဲဆောင်မှု ရှိလှသည်မဟုတ်။ ခုခေတ်ထဲဝယ်ဆံပင်ရှည်ကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ထားပုံကသာ ဂရုပြုစရာလို ဖြစ်ခဲ့သည်။

ထိုမိန်းကလေးသည် ရုပ်ရှင်မပြမီ တစ်ချိန်လုံး နားငြီးလောက်အောင် သားနှင့် တွတ်တီးတွတ်တာ ပြောသည်။ လက်ထဲမှာ ကိုင်ထားသော မုန့်များကို တစ်ခုပြီးတစ်ခု ကျွေးသည်။ (လက်တန်းပေါ်တွင် ခွထိုင်နေသော ကလေးလက်ထဲမှ စားလက်စ နို့အေးချောင်းက မင်းဝေပေါင် ပေါ် ပြုတ်ကျခဲ့၏။) ထိုသားအမိ နှစ်ယောက်ကို ကလေးမချစ်တတ်သော မင်းဝေသည် အမှတ်ရခဲ့သည်။

နောက်တစ်ပတ်လောက်ကြာသောအခါ စားသောက်ဆိုင်တစ်ခုထဲတွင် တစ်ကိုယ်တည်း စားသောက်နေခိုက် တစ်ဖက်စားပွဲမှ မိန်းကလေးတစ်ယောက် ပြုံးပြသည်နှင့် ကြုံရသည်။ သူ ရုတ်တရက် မမှတ်မိ။ နောက်မှ ကျစ်ဆံမြီးရှည်ရှည် ကို သတိပြုမိသွားသည်။

သည်တစ်ခါ တွေ့ရသည်မှာ ရုပ်ရှင်ရုံထဲကမှိန်ဖျော့သော မီးရောင်အောက်တွင်မဟုတ်၊ ဝင်းလက်ကြည်ထိန်သော နေ့အလင်းထဲမှာဖြစ်သည်။ သူမအသားမှာ ပို၍ ဖြူဝါနေသည်။ လှပတွန့်ကွေးသော နှုတ်ခမ်းကိုလည်း အနီရောင်ဆေးဆိုးထားသည်။ မျက်နှာပေါ်မှာသနပ်ခါးမိတ်ကပ်တော့ လိမ်းထားခြင်းမရှိ။ မျက်လုံးဝိုင်းဝိုင်းလေးများကလည်း ကြည်လင်တောက်ပနေသည်။ သူမမျက်နှာမှာ ဆေးကြောပြီးစ ကြွေပန်းကန်တစ်ချပ်လိုပင်သန့်စင်နေသည်။ ဒါမှမဟုတ်လျှင်လည်း မည်သည့်စာမှ ရေးခြစ်ထားခြင်းမရှိသော ဗလာစာအုပ်တစ်အုပ်ကို လှန်ကြည့်နေရတာနှင့် တူသည်ဟု မင်းဝေနောက်ပိုင်းတွင် မကြာခဏ တွေးမိသည်။

ထူးခြားတာက သည်တစ်ခါ သူ့ဘေးက အဖော်မှာ ငါးနှစ်သားကလေး မဟုတ်ဘဲ စပို့ရှပ်နှင့် မျက်နှာနီစပ်စပ် ရှိသော လူကြီးတစ် ယောက် ဖြစ်နေလေသည်။ ကျစ်ဆံမြီးရှည်ရှည်က သူ့ကို ခိုးကြည့်ရင်းပြုံးသည်။ သူမ၏ရွှန်းစို သော နှုတ်ခမ်းနီနီ ကလေးများမှာ စားပွဲဘေးမှ မှန်နောက်ပြတင်း ကို ဖြတ်ယိုစိမ့်ဝင်လာသော အလင်းနရိပ်နှင့် ထိစွန်းကာဖိတ်ဖိတ်လက်နေသည်။ သူက သူ့အလေ့အထအတိုင်း တစ်ကိုယ်လုံး ပခုံးတွန့် ကာ ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

နောက်တစ်ခါတွင်မူ ကျစ်ဆံမြီးရှည်ရှည်က သူ့ကို စမြင်ခြင်း ဖြစ်သည်။ သူ စတိုးဆိုင်ကြီး တစ်ခုတွင် သွားတိုက်ဆေး ဝယ်နေစိုက် သူ့ဘေးကောင်တာမှ သူ့လိုပင် ဈေးဝယ်နေသော မိန်းကလေးတစ်ဦး က နှုတ်ဆက်သဖြင့်လှည့်ကြည့်လိုက်တော့ ကျစ်ဆံမြီးရှည်ရှည် ဖြစ်နေလေသည်။ သည်တစ်ခါတော့ သူမနှုတ်ခမ်းနီဆိုးမထားပါ။ (ဤဆိုင်ထဲကို သူဝင်သွားတာ မြင်သဖြင့် တမင်ဝင်လိုက်လာတာ၊ မတော်တဆဆုံမိဟန် ပြုခြင်းဟု နောက်တော့မှ ငြိမ်းကဖွင့်ပြောခဲ့သည်။) သည်တစ်ခါတော့ သူမဘေးမှ အဖော်မှာ သူ ဖြစ်သွားလေသည်။

သားဖြစ်သူအတွက် ကစားစရာအချို့ ငြိမ်းက ဝယ်သည်။ သူတို့ အငှားကားတစ်စီးနှင့် ရှစ်မိုင်ဘက် စားသောက်ဆိုင်တစ်ခုကို ရောက်မှ ကျစ်ဆံမြီးရှည်ရှည်၏ နာမည်မှာ ငြိမ်းဖြစ်ကြောင်း သိရလေသည်။ နောက်တော့လည်း သူ့အခန်းကိုမကြာမကြာ ငြိမ်းရောက်လာတတ်သည်။ သူ က စခေါ်လာခဲ့သလား၊ ငြိမ်းကပဲ စရောက်လာခဲ့သလား၊စဉ်းစားမရ၊ လိပ်စာကတော့ သူပေးခဲ့သည်။

သူ့ကို မြင်ကတည်းကစွဲလမ်းသည်ဆိုသော ငြိမ်းသည် ရိုးသားဖြူစင်သူဟု သူခံစားမိပါသည်။ မြင်သမျှကို တမက်တမောငေးကြည့်နေသကဲ့သို့ ဝန်းစက်ပြူးကြောင်သည့်မျက်လုံးကလေး များရှိသော်လည်း ထိုမျက်လုံးများထဲတွင်ဘာကိုမှအလေးအနက်သဘောပေါက်သည့် အရိပ်အယောင်များ မမြင်ရ။





သို့သော်ငြိမ်းသည် သူ့အခန်းမှာ သောက်ရေအိုး (ဖန်ရေတာကောင်း) တစ်လုံး ဝယ်ထားပေးသူ၊ တခါတရံ ဓာတ်ခဲသုံးကက်ဆက်ကလေးယူကာ သူ့အခန်းကိုသီချင်းသံတွေဖြင့် ဝေစည်စေသူ (သူကတော့သီချင်းနားထောင်လေ့မရှိသူဖြစ်သည်။) သူ့ကိုခေါင်းဖြီးပေးတတ်သူ၊ သူ့ကို မြည်တွန်တောက်တီးတတ်သူ နှင့် သူ့ကိုနမ်းတတ်သူ ဖြစ်သည်။

သူ နယ်မထွက်ခင် ငြိမ်းနှင့်နောက်ဆုံးအကြိမ်တွေ့တုန်းက လူတစ်ယောက်နှင့် လက်ထပ်တော့မည့်အကြောင်း ငြိမ်းကဖွင့်ပြောခဲ့သည်။ အဲဒီလူတစ်ယောက်မှာ ငြိမ်းထက် အသက်လည်းကြီး၊ မည်းမည်း ဗိုက်ရွှဲရွှဲမို့ အရုပ်ဆိုးသည်ဟု ခေါ်နိုင်သော်လည်း ချမ်းသာကြွယ်ဝကာဂုဏ်လည်းရှိသော မုဆိုးဖိုကြီး တစ်ဦး ဖြစ်လေသည်။

"သူ့ဆီမှာ ငြိမ်းမလိုချင်တာ တစ်ခုနဲ့ ငြိမ်းလိုချင်တာတွေ အကုန်လုံး ရှိတယ်အစ်ကို၊ ငြိမ်းရဲ့ သားလေးအတွက်လည်း ငြိမ်း ထည့် စဉ်းစားရတယ်"ဟု ဆိုသည်။

နယ်က သူပြန်ရောက်ပြီး တစ်နေ့ ပန်းဆိုးတန်းက အပြန်၊ သူ့အခန်းတွင် ငြိမ်းရောက်နေသည်ကို တွေ့ရ၏။ (ငြိမ်းတွင် သူ့အခန်း သော့ပိုတစ်ချောင်းရှိသည်။) ငြိမ်းက ခုတင်ပေါ်တွင်ထိုင်ကာ သူ့အဝတ်အစားများကို ခေါက်နေရာမှ ထလာရင်း သူ့ပါးကို နမ်းသည်။ ငြိမ်း မျက်လုံးကလေးများ မျက်ရည်လည်နေသည်ကို သူ သတိထားမိသည်။ ပြီးတော့ သူ့ကို စကားတစ်ခွန်းမှ မပြောသေးဘဲ အခန်းထောင့် တွင် ဖရိုဖရဲ ဖြစ်နေသော စာအုပ်ပုံဆီ သို့သွားကာ စီထပ်နေသည်။ ဤကိစ္စအတွက် သူ ကန့်ကွက်သော်လည်း မရ။ သူ့အနေနှင့် ယခုလို ပြန့်ကျဲပုံထားရှိတာက လိုချင်သော စာအုပ်ကို ရှာရ၌ ပို၍ လွယ်ကူသည်ဟု ထင်နေသည်။ ငြိမ်းက သူ ဖြစ်ကတတ်ဆန်း နေတတ်ပုံ အတွက် အပြစ်တင်တတ်၏။

"လူတွေဟာ ကိုယ့်ရဲ့ ဖရိုဖရဲ ဖြစ်နေတဲ့ စိတ်တွေကိုသာ သေသပ်အောင် သိမ်းဆည်းတတ်ဖို့ လိုပါတယ်ငြိမ်းရယ်"

ဟု သူ ပြောခဲ့ဖူးသည် ထင်သည်။ မီးပူတိုက်ထားတဲ့ အင်္ကျီအောက်က အသည်းနှလုံးဟာ သန့်ရှင်းပါတယ်လို့ ဘယ်သူ အာမခံနိုင်မှာလဲ၊ ညစ်ညမ်းတဲ့ ဦးနှောက်တစ်ခုကို ညီညီညာညာ ဖြီးသင်ထားတဲ့ ဆံပင်တွေက အကာအကွယ် ပေးမထားဘူးလို့ ဘယ်သူ ဝန်ခံနိုင်မှာလဲ။ ပြိုလဲနေတဲ့ စာအုပ်ပုံနဲ့ တွန့်ကြေနေတဲ့ လုံချည်တစ်ထည်ကို လောကကြီးဟာ ကြောက်စရာမလိုလှပါဘူး။ အဲဒါတွေက ဘာအန္တရာယ် ပေးနိုင်မှာလဲ။ သူ ဤအခန်းသို့ ပြောင်းလာခါစက သူ့ ဦးလေးသည် အကဲခတ်ရအောင် တစ်ခေါက် ရောက်လာခဲ့သေးသည်။ ကျဉ်းမြောင်းရှုပ်ပွ နေသော သူ့အခန်းကို ကြည့်ပြီး နှာခေါင်းရှုံ့သည်။ နှုတ်ကလည်း

"မင်းအခန်းက ပြန်လာပြီးတော့ အောင်ဖေကပြောတယ်၊ အဖေ၊ အဖေ့သားအငယ်တော့ မသေခင် ခေါင်းတစ်လုံး ဝယ်လိုက်ပြီတဲ့"

သူက ပြုံးရုံသာ ပြုံးနေသည်။

ဦးလေးက သူ့စားပွဲပေါ်မှာပြန့်ကျဲနေသောစာရွက်များကိုကောက်ကြည့်သည်။ (မဖတ်ပါ)စာရွက်များမှာ ဘယ်တော့မှ အဆုံး သတ်နိုင်မည် မထင်ရသော သူ၏ ရေးဆဲဝတ္ထုရှည်တစ်ပုဒ် ဖြစ်၏။

"မင်း စာရေးဆရာလုပ်ဖို့ စိတ်ကူးနေပြန်ပြီလား၊ တည်တည်တံ့တံ့အလုပ်တစ်ခု လုပ်ပါလားကွာ"

ဦးလေးတို့လူစားမျိုးသည် စာရေးခြင်းကိစ္စကိုအလုပ်ဟု ယူဆလေ့မရှိ။ ဦးလေးသည် သူကြားဖူးနားဝ ရှိသလို သူ့မွေးစားသားသည် ကောင်မလေးနှင့် ကာင်လေးတွေ ကြိုက်ကြချစ်ကြသည့် ကပျက်ကချော် အကြောင်းများကို စာအုပ်အထူကြီး တွေဖြစ်အောင် တဖွဲ့တနွဲ့ရေး၍ အချိန်ဖြုန်းနေသည်ဟု ထင်ဟန်ရှိ၏။

"ကျွန်တော် ဘာလုပ်ရမလဲ"

"နွားဖြစ်ဖြစ် မွေးပေါ့၊ အခု နို့ဈေးကောင်းနေတယ်"

"ဒီလေးထပ်တိုက် ခေါင်မိုးပေါ်မှာလား"

သူ ရယ်စရာ လုပ်သော်လည်း ဦးလေးက မျက်နှာထား တည်တည်ဖြင့်

"မင်းလုပ်ချင်တယ် ဆိုရင် မြို့ပြင်မှာ ခြံဝယ်ပေးမယ်"

"အဖေက အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ကိစ္စကို မကွဲဘူးထင်တယ်"

သူ့ ဦးလေးကို သူငယ်စဉ်ကတည်းကအဖေဟုသာခေါ်ခဲ့ရသည်။ ဤအချက်မှာ သူ့ဦးလေး၏ဘဝတာတွင် သူ့အပေါ် ထားခဲ့ဖူးသည့် တစ်ခုတည်းသော စည်းကမ်းသာ ဖြစ်လေသည်။ သူ့ဦးလေးက သူ နှင့် ငြင်းခုံလိုဟန် မရှိ။

"အင်းလေ...မင်းက ဖီလော်ဆိုဖီကို နစ်နစ်ခွဲလောက် သင်တဲ့သူပဲ"

သူ့သဘောနှင့်သူ ကျောင်းက တစ်ပိုင်းတစ်စ ထွက်ခဲ့တာကို ဦးလေးသည် ယခုထက်တိုင် ကျေချမ်းဟန်မပြ။ စကားဆက်မ ပြောချင်ဟန်ဖြင့် ဆေးတံကိုထုတ်ကာ ဆေးဖြည့်နေသည်။ ပြီးတော့ သူ့အိတ်များကို ဟိုနှိုက်သည်နှိုက် လုပ်သည်။

"မီးခြစ်မေ့လာ ခဲ့ပြီ၊ မီးခြစ်ခဏပေးစမ်းကွာ"

"ကျွန်တော့်မှာ မီးခြစ်မရှိဘူး အဖေ"

ဦးလေးက လူတစ်ယောက်မှာခေါင်းမပါဘူး ဟူသော စကားကိုကြားရသည့်အလား မော့ကြည့်သည်။ "မင်းအခန်းမှာ မီးခြစ် မရှိဘူးလား"ဟု မယုံသလို ထပ်မေး၏။





"ကျွန်တော် ဆေးလိပ်မသောက်တာ အဖေအသိပဲ၊ ထမင်းလဲ ချက်စားတာ မဟုတ်ဘူး၊ ကျွန်တော့်အခန်းမှာ လျှပ်စစ်မီးလဲ ရှိနေတော့..."

"အေး...မင်းအခန်းမှာ မင်းရှိနေတာတောင် တော်တော်အံ့သြဖို့ ကောင်းနေပြီ၊ တခါတလေ မီးပျက်ရင်ကော"

"ကျွန်တော် မှောင်ထဲမှာ ဒီအတိုင်းထိုင်နေတာပေါ့၊ ကျွန်တော့်မှာ အရေးတကြီး လုပ်စရာ ဘာမှမရှိဘဲ"

ဦးလေးက ပြန်တော့မည် ဟူသော ရည်ရွယ်ချက်ဖြင့် ထိုင်ရာမှ ထသည်။ပြီးတော့ သူ ထိုင်နေသော ခုတင်ဆီသို့ လျှောက်လာကာ ရုတ်တရက်မွေ့ရာပေါ်မှဆံညှပ်ကလေးတစ်ခုကို ကုန်းကောက်ယူလိုက်ရင်း...

"မိန်းကလေးက ဘယ်ကလဲ"ဟု ခပ်တည်တည် မေး၏။

နောက်တော့ သူ အဖြေမပေးနိုင်မီပင် ဆံညှပ်ကလေးကို သူ့လက်ထဲ ထည့်ခဲ့ကာ အေးအေးလူလူ ကျောခိုင်း ထွက်သွားလေသည်။ ငြိမ်းကရယ်ရင်း "အဘိုးကြီးက တော်တော် မျက်စိရှင်တာပဲ"ဟု ဆိုသည်။ နောက်တော့ အိပ်ရာပေါ်တွင် ဆံညှပ်တွေ ဘာတွေကျကျန်မနေရစ်ခဲ့အောင် ဂရုစိုက်လေသည်။ သူ့ဦးလေးသည် ဤကိစ္စကို အလိုလိုမေ့လျော့ သွားလိမ့်မည်ဟု သူထင်ခဲ့သည်။သို့သော်... ဦးလေး ဆေးရုံတက်စက သူ တစ်ခေါက်ရောက်သွားသောအခါ

"မင်းလဲ အိမ်ထောင်ပြုဖို့ ကောင်းပြီ"

"ဘယ်သူနဲ့ ပြုရမှာလဲ အဖေ"ဟု သူက နောက်ပြောင်ကာမေး၏။

"မင်းအခန်းကို လာလာနေတဲ့ ကောင်မလေးနဲ့ ဖြစ်ဖြစ်ပေါ့"

သူက ဆံညှပ်ကလေးကိုပြန်သတိရလာသည်။ သူတို့အကြောင်းများကို ဦးလေးသည်အောင်ဖေညွှန့်ကနေတဆင့်သိနေလေသလားမသိ။ သူ့အစ်ကိုကတော့ သူနှင့်ငြိမ်းကိုတွဲကာ သုံးလေးခါ မြင်ဖူးဆုံဖူးသည်။ သူဘာပြန်ပြောရလျှင် ကောင်းမလဲဟု စဉ်းစားရင်း လူနာခုတင်ဘေးမှ ကုလားထိုင်ပေါ်တွင် အတန်ကြာ ငြိမ်သက်စွာ ထိုင်နေမိသည်။

"မင်း...ဘာဖြစ်နေတာလဲ"

"သွားကိုက်နေတယ်"

ဦးလေးအမေးကို သူ ရုတ်တရက် ဖြေလိုက်မိသည်။သူသွားအနည်းငယ် ကိုက်နေသည်မှာ သုံးရက်ခန့်ရှိပြီ။ ယခင်ကလည်း ဤသို့ မကြာခဏ ကိုက်ဖူး၏။ မခံမရပ်နိုင်လောက်အောင်မူ မဟုတ်။

"ပေါ့မနေနဲ့"

"နှုတ်ပစ်ရင် ကောင်းမလား"

"သွားဆရာဝန်နဲ့ ပြကြည့်ပေါ့ကွာ"

သူ့ဦးလေးရော သူပါ ဆံညှပ်ကလေးကိစ္စကို မေ့လျော့သွားကြသည်။ သူပြန်ဖို့ ထိုင်ရာကထမှ ဘောင်းဘီအိတ်ထဲက ဆေးတံ သောက်ဆေးဘူးကို သတိရလာသည်။

"ဩော်...အဖေ့အတွက် ဝယ်လာတာ"

သူ့ဦးလေးကြိုက်တတ်သော လင်ကွန်းတံဆိပ်ဖြစ်ကာ ရှားရှားပါးပါး ရှာဝယ်ခဲ့ရသည်။ သူ့ဦးလေးသည် သူ စားပွဲပေါ် လှမ်း တင်လိုက်သော ဆေးတံသောက်ဆေးဘူးကို တချက်စောင်းငဲ့ကြည့်ကာ မချိတရိ ပြုံးရင်း...

"ငါ...ဆေးတံ ဖြတ်လိုက်ပြီကွ၊ ဆရာဝန်က ခွင့်မပြုတော့ဘူး"

ဆေးရုံက အပြန်တွင် ရွှေဘုံသာလမ်းထဲရှိ သွားရောဂါအထူးကုဆေးခန်းတစ်ခုကို ရောက်ခဲ့သေးသည်။ သူ ကုလားထိုင်တစ်လုံးတွင် သွားနှုတ်ဖို့ ထိုင်စောင့်နေခဲ့ရသည်။ သို့သော်သူ့ရှေ့မှ သွားနှုတ်နေသူတစ်ဦး၏ ဒုက္ခကိုမြင်ကာ စိတ်ပျက်ပြီး ကိုယ့်အလှည့်မရောက်ခင် ထပြန်လာခဲ့သည်။ နောက်တော့လည်း သူ့အခန်းတွင် ဆားရည်ငုံရင်း ပျောက်သွားပြန်သည်။

ထိုရက်များထဲတွင် သူ ငြိမ်းနှင့်လည်း မတွေ့ဖြစ်။ မတွေ့ချင်သဖြင့် ငြိမ်းလာတတ်သောအချိန်များတွင် အခန်းမှ တမင် ရှောင်ထွက်နေခဲ့သည်။ ငြိမ်းက သူ့ကိုတွယ်တာတာဟာ လိုအပ်တာထက်ပိုနေသည်ဟု သူ ယူဆနေသည်။ ဤတွယ်တာမှုက သူ့ကို ဘယ်လိုမှ မဝါးမျိုနိုင်ဘဲ ငြိမ်းကိုသာ တစ်နေ့တွင် ဟုတ်ခနဲ တောက်လောင်စေလိမ့်မည်။

"အစ်ကို့မျက်လုံး အေးစက်စက်တွေထဲမှာ တစ်လောကလုံးကို အနိုင်ယူထားတာ တွေ့နေလျက်သားနဲ့ ဘာလို့ တစ်ဝက်ပဲ ပြုံးနေရတာလဲဟင်"ဟု ငြိမ်းတစ်ခါက မေးဖူး၏။ သူက ပြုံးပြန်တော့

"အစ်ကို့ နှုတ်ခမ်း တွန့်တွန့်ကလေးတွေက ဒီလိုပြုံးတာပဲလှပါတယ် မပြင်ပါနဲ့တော့ အစ်ကိုရယ်"ဟု တောင်းပန်ပြန်သည်။ ကိုယ်ဟာ ဘဝမှာ ဘာကိုမှ အနိုင်မယူချင်သလို ဘာကိုမှ အရှုံးမပေးချင်သူ ဖြစ်တာ ငြိမ်းသိဖို့ရာ မလွယ်၊ ရှူးဆိုး၏ စကား တစ်ခွန်းကို သူ သဘောကျခဲ့သည်။ "ကျုပ်ဟာ ကျုပ်တွေ့ဖူးတဲ့ ဘယ်သူနဲ့မှ မတူအောင် ဖန်ဆင်းထားတဲ့ လူတစ်ဦးပါ၊ ကျုပ်က ပိုမကောင်းရင်သာ ရှိရမယ်၊ သူများနဲ့ မတူတာတော့ အမှန်ပါပဲ"တဲ့။

ဒီလို နားမလည်မှုဖြင့် တစ်ခါကလည်း ငြိမ်းသူ့အပေါ် စိတ်ကောက်ခဲ့ဖူးသည်။ သူ့အခန်းမှာ သူနှင့်အတူ ငြိမ်းရှိနေခိုက် မိတ်ဆွေ တစ်ယောက် ရောက်လာကာ ငွေသုံးရာချေး၏။ အမေဖြစ်သူကို ဆေးရုံတင်ရ၍ တကယ်ငွေလိုနေခိုက်လည်း ဖြစ်ကြောင်းသူယုံကြည်သည်။ သို့သော် သူငွေမချေးလိုက်။ ထိုလူ မျက်နှာငယ်လေးနှင့်ထပြန်သွားသောအခါ ငြိမ်းကသူ့ကို မကျေမချမ်း အပြစ်တင်တော့သည်။ ငွေသုံးရာဆိုတာ သူ့အဖို့ မခက်ခဲဘူးဆိုတာ ငြိမ်းသိသည်။





"ပြီးတော့ သူ့အမေ ဆေးရုံတင်ထားရတာ"

"ငြိမ်း မင်းဘာဖြစ်နေတာလဲ၊ သူ့အမေက ကိုယ့်အမေမှ မဟုတ်တာ"

သူက အေးအေးလူလူ ပြောသော်လည်း ငြိမ်းစိတ်ဆိုးကာ အခန်းက ချက်ချင်းပြန်သွားလေသည်။ တစ်ပတ်လောက်နေတော့ ပြန်လာကာ သူ့ရင်ခွင်ထဲ တိုးဝင်ရင်း...

"အစ်ကို့ အသည်းနှလုံးက ဘာလို့ ဒီလောက်မာကျော နေရတာလဲဟင်"ဟု မေး၏။

"ဒီလူကို သုံးလေးကြိမ် ကူညီခဲ့ဖူးတယ် ငြိမ်းရဲ့၊ ကိုယ်က အတိုးနဲ့ ချေးတာလဲ မဟုတ်ဘူး၊ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်ပေးထားတဲ့ငွေနဲ့ ကင်းတဲ့လူ ရှားပါတယ်၊ ဒါပေမယ့် အဲဒီလူတွေဟာ သူတို့ပြေလည်နေသည့်တိုင်အောင် ကိုယ့်ငွေကို ဘယ်သူကမှ ဂရုတစိုက် ပြန်ပေးဖို့ စိတ်မကူးကြဘူး၊ အဲဒီတော့ ဒီလူတွေအတွက် ငွေထပ်ထွက်သင့်သလား"

"သူ တကယ် အရေးကြုံနေတာနဲ့ တူပါတယ်"

"ဟုတ်ပါလိမ့်မယ်၊ တောင်ပေါ်မှာဖြစ်စေ၊ တောင်အောက်မှာဖြစ်စေ၊ ကိုယ်ကြဲခဲ့တဲ့ မျိုးစပါးကို ကိုယ်ပဲ ရိတ်ရလိမ့်မယ်လို့ သမ္မာကျမ်းစာထဲမှာပါတယ်၊ ကိုယ့်ဆီက ငွေထပ်မရအောင် သူပဲ ဖန်တီးခဲ့တာ မဟုတ်လား"

"အစ်ကိုက ကလဲ့စားချေလိုက်တာပေါ့"

"မဟုတ်ပါဘူး ငြိမ်း၊ အစ်ကိုက ဘယ်သူ့အပေါ်မှာမှ အပြစ်မယူတတ်ဘူး၊ ဒီလိုပဲ ဘယ်သူ့ကိုမှလည်း ခွင့်မလွှတ်တတ်ဘူး"

ငြိမ်းက မျက်နှာအိုအို ကလေးနှင့် ခေါင်းယမ်းကာဆိုသည်။

"အစ်ကို့မှာ အပြစ်ဆိုစရာ ဆိုလို့ တစ်ခုပဲ ငြိမ်းရှာတွေ့တယ်။ အဲဒါက လူတွေကို မုန်းတာပဲ"

ငြိမ်းစကားကို သူ မခုခံချင်ပေ။ သူ့အနေနှင့် လူတွေကို မမုန်းတောင်မှ မချစ်တာတော့ သေချာသည်။ သို့သော် ငြိမ်းကိုတော့ (အဲဒီတစ်ခါပဲ) ရှည်ရှည်ဝေးဝေး ရှင်းပြခဲ့ပါသည်။ သူ့အပေါ် လူတွေနားလည်မှုအပေါ် သူသည် မျှော်လင့်တန်ဖိုး ထားတတ် သူမဟုတ်ပါ။ နားလည်မှုဆိုတာ လူတိုင်းနှင့်ဆိုင်သော အရာမဟုတ်။ဉာဏ်ပညာနှင့်သာ ဆိုင်သော အရာဖြစ်သည်။ ဒါပေမဲ့ လောကတွင် သူ့ကို နားလည်ဖို့ လူတစ်ယောက် မဖြစ်မနေ လိုအပ်သည်ဆိုပါမူ ထိုသူကို ငြိမ်း ဖြစ်စေချင်သည်။

"ကိုယ့်မိတ်ဆွေ ကိုဘုန်းမြင့်ဆိုတဲ့လူက ပြောတယ်၊ ပုထုဇဉ်တော့ ပုထုဇဉ်ပေါ့ဗျာ၊ ဒါပေမဲ့ လူတွေကလဲ အကျင့်သီလ ကမ်းကုန်အောင် ကင်းမဲ့နေကြတော့ ဇဉ်-ဇဉ် လွန်းအားကြီးတယ်လို့ ငြီးရမလို ဖြစ်နေပြီ၊ ပုထုဇဉ်ကနေ တမင်တဖိုလ်ရတယ် ဆိုတာလဲ ဒီရုပ်ခန္ဓာပါပဲ၊ စိတ်ကလေးကို ပြောင်းလိုက်တာပဲ ကွာတာပါတဲ့"

အဲဒီ ကိုဘုန်းမြင့် ဆိုတဲ့လူကတော့ သူနှင့်အတော်တူညီတာတွေ ရှိခဲ့သည်။ ဥပမာ နှစ်ဦးစလုံး ဆေးလိပ်နှင့်အရက်ကို မသောက်တာမျိုး ဖြစ်သည်။

"ကိုယ်ဟာ တစ်ခါတုန်းကတော့ လူတွေကို ချစ်ဖို့ ကြိုးစားခဲ့ဖူးသေးတယ် လို့ ထင်ပါတယ်၊ ကိုယ့်ပတ်ဝန်းကျင်က လူတွေဟာအနှစ်သာရမရှိတဲ့ လူတွေ ဖြစ်နေတာပဲတွေ့ရတယ်။ တကယ်တော့ ကိုယ်ဟာ လူတောထဲမှာနေပြီး လူငတ်နေတဲ့ လူတစ်ယောက်ပါငြိမ်း"

ပြောသာပြောခဲ့သည်။ သူနှင့်ငြိမ်းသည် အသေးအဖွဲကအစ သဘောချင်း ညီမျှ တိုက်ဆိုင်လေ့မရှိ။ ဥပမာ၊ သူ့အခန်း ပတ်ဝန်းကျင်တွင် နားလာသည့် ခိုများကို သူ မောင်းနှင်ပစ်လေ့ရှိပါသည်။ ခိုများ၏ ညည်းသံသည် စိတ်ပျက်ဖွယ်ကောင်း သော အသံဖြစ်သည်။ ခိုများသည် အနေအထိုင်ညစ်ပတ်ကာ လူကိုရောဂါဉပဒ် ပေးနိုင်သော တိရစ္ဆာန်တစ်မျိုးဟု သူနားလည်ထားသည်။ ငြိမ်းကတော့ ထိုခိုများကိုတွေ့သည်နှင့် ဝမ်းသာအားရဖြစ်သည်။ ဆူးလေဘုရားအနားက ခိုစာများကို တကူးတက ဝင်ဝယ်ကာ ပလတ်စတစ်အိတ်နှင့်ထည့်၍ သူ့အခန်းသို့ယူလာတတ်သည်။ ပြီးတော့ ခိုစာကျွေးရင်း ခိုတွေနှင့် လုံးထွေးနေလေသည်။ ခိုတွေကသူ့ပခုံးပေါ် လက်ပေါ်တက်ကာအစာစား၏။ အစာစားရင်း သူ့ကိုယ်ပေါ်မှာပင် မစင်စွန့်ပစ်ကြ၍ အဝတ်အစားကောင်းများ ပေကျံကုန်သည်ကိုပင် သဘောကျကာ ရယ်မောမဆုံးရှိသေးသည်။ ထိုအခါမျိုးတွင် သူကတော့ ပြတင်းပေါက်က (ခိုစာကျွေးသောနေရာနှင့် အတော်ဝေးသည်။) လက်ထောက်ကြည့်ရင်း ငြိမ်းကို စိတ်ပျက်နေမိ၏ ။ သူ့အမြင်မှာတော့ ငြိမ်းသည် လောဘကြီးလွန်းသည်။ အရာရာကို ကောင်းမွန်စေချင်သည်။ အနည်းဆုံး သူမနှင့်ပတ်သက် သမျှကိုတော့ ကောင်းမွန်စေချင်ပုံရ၏။ မင်းဝေကိုလည်းကောင်းမွန်စေချင်သည်။ ခိုများကိုလည်း ကောင်းမွန်စေချင်သည်။ ပန်းပင်တစ်ပင်ကိုလည်း ကောင်းမွန်စေချင်သည်။

"အစ်ကိုဟာ တော်တော် နေနိုင်တဲ့လူ၊ ပန်းပင်ကိုတောင် ရေမှန်မှန် လောင်းဖော်မရဘူး"

အခုလည်း သူ့အခန်းမှာရှိသည့် တစ်ခုတည်းသော ပန်းအိုးကလေးကို ဂရုတစိုက် ရေလောင်းရင်း ခုတင်ပေါ်တွင် ပျင်းရိပျင်း တွဲ့ လဲလျောင်းနေသော သူ့ကို ကြည့်ကာ အပြစ်ဖို့နေသည်။

ဤပန်းအိုးကလေး တစ်လုံးမှာလည်း ငြိမ်းဝယ်လာခြင်းဖြစ်သည်။ နဂိုက သူ့အိမ်အတွက် ဝယ်လာတာဆို၏။ မင်းဝေ အခန်းကို ဝင်ရင်း အပြန်မှာ မေ့ကျန်ခဲ့လေသည်။ နောက်အခေါက်များတွင်လည်း ယူမသွားဖြစ်တော့။ အစ်ကိုနဲ့ထိုက်တန်လို့ရတာ၊ အစ်ကို့အခန်းမှာပဲထားတော့ ဟုဆိုသည်။ သူ့ပန်းပင်ကလည်း ပန်းပင်ဟုသာ ပြောသည်။ အပွင့်ပွင့်မည့် ပန်းပင်နှင့် မတူလှ။ သဲကန္တာရတွင် ပေါက်တတ်သော ရှားဇောင်းပင်လို ဆူးပင်ကြမ်းကလေး တစ်ပင်သာဖြစ်သည်။ ငြိမ်းက ထိုအပင်အမည်ကိုပြောသော်လည်း သူချက်ချင်းမေ့သွားသည်။ သူကပန်းပွင့်ဆိုတာ ပန်းရောင်းစား သူများနှင့်သာ ပတ်သက်သော အရာဟု တသမတ်တည်း ထင်ထားသူဖြစ်၏။





ငြိမ်းက ဤပန်းအိုးကို သူ့အခန်းမှာ ထားမည်ဆိုတော့လည်း သူမကန့်ကွက်ဖြစ်။ သူက ပန်းကိုပင် ရေလောင်းသည် ဆိုသော အဓိပ္ပာယ်မဲ့ အလုပ်မျိုးကို လုပ်လေ့မရှိသဖြင့် ဤပန်းပင် မကြာခင်မှာ ခြောက်သွေ့သေဆုံးသွားလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ သို့သော် ဤအပင်က ယခုတိုင်မသေ။ နွမ်းခြောက်ဟန်လည်း မပြ။ သူ့အိမ်ကို တစ်ပတ် နှစ်ခါသုံးခါ ရောက် လာတတ်သော ငြိမ်းကတော့ ရောက်တိုင်း ရေလောင်း၏။ ကန္တာရထဲတွင် ပေါက်သောအပင်မျိုး ဖြစ်သဖြင့် ရေမလိုအပ် လှဘဲ ရှင်သန်နေနိုင်တာလည်း ဖြစ်ချင်ဖြစ်ပေမည်။

"ငြိမ်းကို ဘာမှ မပြောတော့ဘူးလား"

တစ်ခန်းလုံး သိမ်းဆည်းပြီးတော့မှ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ငြိမ်းက အမောမဖြေနိုင်ဘဲ မေးသည်။

"ဟုတ်တယ်၊ မင်းကိုငါ တောင်းပန်ရဦးမယ်၊ မင်းတို့ လက်ထပ်ပွဲကို မင်္ဂလာလက်ဖွဲ့ပေးဖို့ ငါမေ့နေတယ်၊ ကဲ...ပြော၊ မင်း ဘာယူမှာလဲ"

ငြိမ်းက သိသိသာသာ သက်ပြင်းချရင်း ပြောသည်။

"ငြိမ်း သူ နဲ့ လက်မထပ် ရသေးပါဘူး"

သည်တစ်ခါတော့ မင်းဝေ နည်းနည်း အံ့အားသင့်သွားသည်။ သူ နယ်မသွားခင် တစ်ပတ်အလိုလောက်က ငြိမ်းရောက်လာကာ သူ မကြာခင် မုဆိုးဖိုကြီးတစ်ဦးနှင့် ယူတော့မည့်အကြောင်း ပြောခဲ့သည်။ အဲဒီနေ့က သူသွားကိုက်နေသဖြင့် ငြိမ်းကိစ္စကို လေးလေးနက်နက်စိတ်မဝင်စားနိုင်။ ကောင်းသားပဲဟု စိတ်ရင်းအတိုင်း ပြောခဲ့သည် ထင်ပါသည်။

ငြိမ်းဘဝကိုတော့ သူနားမထောင်ချင်ဘဲ ငြိမ်းကပြောပြသဖြင့် သူသိပြီးသားဖြစ်သည်။ ရိုးရိုးကလေးပင်။ ငြိမ်းမှာအဖေမရှိ။ အမေကစက်ချုပ်ကျွေးကာ ကျောင်းထားပေးသည်။ ငြိမ်း ဆယ်တန်း နှစ်နှစ်ဆက်ကျသောအခါ သူချစ်တဲ့သူနှင့်အိမ်ထောင်ပြုလိုက်သည်။ သူ့ယောကျ်ားသည် သူတို့ ရပ်ကွက်ထဲကပင် ဖြစ်၏။ ငြိမ်းအိမ်ထောင်ကျစမှာပင် ငြိမ်းအမေ စက်မချုပ်နိုင်တော့။ နှစ်ရှည်လများ အညောင်းမိလာခဲ့သည့် ဒဏ်ကို စုခံရကာ လူမမာ ဖြစ်နေ၏။

ငြိမ်းကိုယ်ဝန ရှိစမှာ ငြိမ်းယောကျ်ားဖြစ်သူကုန်ကူး၏။ နှစ်ခေါက်တော့မြတ်လိုက်၏။ တတိယအခေါက်သွားသောအခါ ဘယ်တော့မှပြန်မလာတော့ချေ။ အတော်ကြီးကြာမှ သေဆုံး သလိုသတင်းကြားရ၏။ ငြိမ်းလည်း ကလေးမီးဖွားပြီးသည်နှင့် အမေ့ကို နို့ဘူးနှင့် အပ်ကာ ဘဝကို စိန်ခေါ်ရတော့သည်။ တစ်နှစ်က သူ့အမေ ဆုံးသွားခဲ့၏။ သည်လိုနှင့် တစ်ခုသောတနင်္ဂနွေမှာ ရုပ်ရှင်ရုံထဲတွင် သူနှင့် ဆုံခဲ့လေသည်။

"သူ နယ်ကို သွားတာတောင် ငြိမ်းကို အသိပေးမသွားဘူး၊ ဘာလဲ...စိတ်လေသွားတာလား" သည်တော့မှ သူ ရေးတေးတေး သဘောပေါက်လာသည်။ ငြိမ်းက မိမိ ရိုးရိုးသားသား ခရီးထွက်သွားတာကို သူ လက်ထပ်တော့မည်ဆိုသဖြင့် စိတ်မချမ်းမြေ့ဖြစ်ကာ လေလွင့်သွားခြင်းဟု ထင်နေဟန်ရှိသည်။ ဒါကြောင့် သူလက်ထပ်မည့် ကိစ္စကိုလည်းရွှေ့ဆိုင်းထားဟန်တူသည်။ ငြိမ်း၏ လက်ဖဝါးနုနု ကလေးများကို သူ အသာအယာ ဆုပ်ကိုင်ရင်း...

"ငြိမ်း...တကယ့်ဘဝဆိုတာဖတ်ကောင်းအောင် အကွက်ဆင်ရေးထားတဲ့ဝတ္ထုတွေ၊ ကြည့်ကောင်းအောင် ရိုက်ထားတဲ့ ရုပ်ရှင်ကားတွေ ထဲကလို အစီအစဉ်တကျ ဖြစ်ပျက်နေတာ မဟုတ်ဘူး၊ ဖြစ်ချင်သလို ဖြစ်ပြီး ပျက်ချင်သလို ပျက်နေတဲ့ ရာမှာ ဘာကိုမှမမျှော်လင့်ကောင်းပါဘူး ငြိမ်း"

ငြိမ်းက ခေါင်းညိတ်ရင်းသူ့ကို မော့ကြည့်သည်။ ငြိမ်း၏အပြစ်ကင်းစင်သော ကြည်လင်သော မျက်လုံး များထဲတွင် မျက်ရည်စများ ဝေ့သီနေသည်။

"အစ်ကို ငြိမ်းကို မချစ်ဘူးလားဟင်"

သူ့ကို တစ်ခါမှ မမေးခဲ့ဖူးသော မေးခွန်းကို ငြိမ်းက စွန့်စားကာ မေးသည်။ ငြိမ်းအသံမှာ မသိမသာ တုန်ယင်နေသည်။ သူနှင့် ငြိမ်းမျက်လုံးချင်းဆုံမိကြ၏။ သူကစ၍ မျက်လုံးများကို လွှဲဖယ်လိုက်သည်။ နောက်ဆုံးတစ်ကြိမ် ပဲဖြစ်ဖြစ်၊ သည် တစ်ခါတော့ ငြိမ်းကို အနိုင်ပေးလိုက်ချင်ပါသည်။ ဆုပ်ကိုင်ထားသော ငြိမ်း၏လက်ကို တစ်ချက်မျှ ခပ်ဖွဖွ ညှစ်ပြီး လွှတ်လိုက်သည်။

"ကိုယ် ဘယ်သူ့ကိုမှ မချစ်ဘူးငြိမ်း၊ အဲသလို မချစ်မိအောင်လည်းသတိထားပြီးနေတယ်၊ လမင်းကိုဖြစ်ဖြစ်၊ သီချင်းတစ်ပုဒ်ကိုဖြစ်ဖြစ်၊ လူတစ်ယောက်ကိုဖြစ်ဖြစ်၊ သစ်သီးတစ်လုံးကို ဖြစ်ဖြစ်၊ ဘာကိုပဲဖြစ်ဖြစ် သတိလက်လွတ်ဖြစ်ပြီး ချစ်မိတာနဲ့ အဲ့ဒီလူဟာ ဒုက္ခနဲ့ရင်ဆိုင်ရတော့တာပဲ မဟုတ်လား၊ တစ်ခုခုကိုချစ်မိရင် အဲဒါကိုပိုင်ဆိုင်ချင်လာတယ်၊ ပိုင်ဆိုင်ရတော့ လောဘဖြစ်တယ်၊ မပိုင်ဆိုင်ရတော့ ဒေါသဖြစ်တယ်။ မခိုင်မြဲတဲ့ တရားလွှမ်းမိုးနေတဲ့ ဒီလောကကြီးထဲမှာ ကိုယ်ကတော့ အရာရာကို သဘာဝအတိုင်းပဲ ရှိနေစေချင်တယ်။ တစ်ခုခုနဲ့ တစ်ခုခု၊ ဒါမှမဟုတ် တစ်စုံတရာ နဲ့ တစ်စုံတရာတွေ့ထိတာလဲ သဘာဝပဲ၊ ကင်းကွာတာလဲ သဘာဝပဲ၊ ထိရင်လဲ ထိတဲ့အတိုင်း၊ ကွာရင်လည်း ကွာတဲ့အတိုင်း ရှိပါစေ၊ သဘာဝကို မလွန် ဆန်မိစေနဲ့၊ သဘာဝကို လွန်ဆန်မိတာနဲ့ အရှုံးနဲ့ အနိုင်ဆိုတာ ဖြစ်ပေါ်လာတော့မှာပဲ၊ အဲဒီ အရှုံးနဲ့ အနိုင်ဆိုတာ စိတ်ခံစားမှု အရသာ ကွဲပြားတယ် ထင်ရပေမယ့် အဓိပ္ပာယ်နဲ့ အနှစ်သာရကတော့ အတူတူပါပဲ ငြိမ်းရယ်"

အဲဒီနေ့က သူ့ ရင်ထဲမှာ ငြိမ်းအားရအောင် ငိုပြီးမှ ပြန်သွားခဲ့လေသည်။ မပြန်ခင် "ငြိမ်းတော့ အစ်ကို့ကို ဘယ်လိုမှ နားမလည်နိုင်ဘူး"ဟု ပြောသေး၏။ သူက ပြုံးကာ ငြိမ်းရယ်မောစေရန် "ကိုယ်သာ စာအုပ်တစ်အုပ် ဖြစ်မယ်ဆိုရင် ငြိမ်းကို အရင်ဆုံး ဖတ်ခွင့်ပေးမယ်"ဟု ပြောခဲ့သည်။





ငြိမ်းပြန်သွားပြီး နောက်ရက်တွင် သူ သွားကိုက်နေခဲ့သည်။ တစ်ညနေ ဆန်ပြုတ်သောက်ပြီး အပြန်တွင်...

" ဟော့ကောင်...မင်းဝေ"

ဟု ခေါ်သံကြား၏။ လှည့်မကြည့်ဘဲ သူ့အစ်ကို အောင်ဖေညွန့် မှန်းသိလိုက်သည်။ သူ့အစ်ကိုက သူနဲ့ မျက်နှာချင်းဆိုင် လာရပ်ရင်း...

"မင်း နယ်က ပြန်ရောက်တယ်ကြားလို့ ငါ မင်းအခန်းကို နှစ်ခေါက် လောက်ရောက်သေးတယ်၊ မတွေ့လို့တံခါးမှာ စာရေးညှပ်ထားခဲ့တယ်၊ မင်းမရဘူးလား၊ (သူက အဖြေမပေးနိုင်ခင်) အဖေက မင်းကိုတွေ့ချင်လို့တဲ့၊ ဆေးရုံကိုလာခဲ့ဦး"

"ဟုတ်ကဲ့"

"အဖေတော့ မရတော့ပါဘူး၊ လည်ချောင်းကင်ဆာတဲ့"

လည်ချောင်းကင်ဆာ ဆိုသော စကားကိုအသံတိုးတိုးနှင့် ပြော၏။ ကြောက်စရာရွံ့စရာ ကိစ္စ တစ်ခုကို မလွှဲသာ၍ ပြန်ပြောရသည့် လေသံမျိုးဖြစ်၏။ ဦးလေး ဘာရောဂါလဲ ဆိုတာမေးဖို့ သူ့မှာ တာဝန်ရှိလျက်သားနဲ့ မေ့လျော့နေခဲ့သည်။ သူ့မျက်နှာ ကိုကြည့်၍ သူ့အစ်ကိုက...

"မင်း ဘာဖြစ်နေတာလဲ"

"သွားကိုက်နေတာ"

သူ့အစ်ကို မျက်နှာမှာ စိတ်ပျက်ဟန်ပေါ်လာသည်။ သူနှင့်တွေ့ဆုံလေ့ ရှိသည့် လူများ၏ မျက်နှာပေါ်တွင် မကြာခဏ ထိုအမူအရာမျိုး ပေါ်လေ့ရှိတတ်တာ သူသတိထားမိသည်။ ဝန်ခံရလျှင် ဤမျက်နှာမျိုး တခြားသူများထံတွင် မြင်ရလျှင် သူကလည်း ကျေနပ်မိလေသည်။

"မင်း အဖေ့ဆီ သွားလိုက်ဦးကွာ"

"ဟုတ်ကဲ့"

"မင်း မိန်းမယူတော့ မလို့ဆို"

"ဘယ်သူပြောလဲ"

"ငါ ကြားတာပဲ"

သူတို့ အတန်ကြာအောင် တိတ်ဆိတ်နေကြသည်။

"မိုးကလဲ ထပ်ရွာဦးမလား မသိဘူး"

"မိုးတွင်းပဲ အစ်ကိုရယ်"

ကောင်းကင် တပြင်လုံးမှာ မှိုင်းညို့နေသည်။

"ငါ့ကားပါလာတယ်၊ မင်းလိုက်မလား"

"ဟင့်အင်း"

“ဒါဖြင့် ငါသွားမယ်၊ ဩော်…ဘတ်စပရို ဝယ်သောက်လိုက်ဦး”
တော်တော်ညံ့တဲ့ ဆရာဝန်သားပဲ ဟုမင်းဝေမှတ်ချက်ချနေစဉ် သူ့အစ်ကိုခပ်သွက်သွက်ထွက်သွား၏။

နောက်တစ်လလောက် ကြာသောအခါ ငြိမ်းလည်းလက်ထပ်ပြီး၍ ဦးလေးလည်း ဆေးရုံပေါ်မှာ သေဆုံးသွားလေသည်။ ငြိမ်းကသူ့ထံကို ဖိတ်စာပို့လိုက်သေး၏။ နာမည်ကြီး ဟိုတယ်တစ်ခုမှာ ကျင်းပသော ငြိမ်းလက်ထပ်ပွဲကို သူ ကြိုးစားတက်ရောက်ရန် စိတ်ကူးထားသော်လည်း တကယ် တမ်းမရောက်ဖြစ်ခဲ့။ လက်ဖွဲ့ပစ္စည်းကိုတော့ လူကြုံနှင့်ပို့ခဲ့သေး၏။ သူ လူစုလူဝေး အခမ်းအနားများ ကို တွေ့ရသည်နှင့် ရှုံ့ရှာစိတ် ဖြစ်ပေါ်တတ်သဖြင့် ရှောင်ရှားနေသည်မှာ ကြာလေပြီ။ တီကောင်ကို တစ်ကောင်ချင်းမြင်လျှင် မရွံ့လှသော်လည်း အထွေးလိုက်မြင်လိုက်သောအခါ ရွံသောစိတ်နှင့် တော်တော်တူသည်ဟု ထင်သည်။ သူ့ ဦးလေး အသုဘတွင်တော့ ဤကိစ္စကို မလွှဲသာမရှောင်သာ ရင်ဆိုင်ရပြန်သည်။ လူအတော်များများက သူ့ကို ဆရာဝန်ကြီး ဦးကျော်ခေါင်၏ သားအရင်း (အငယ်) ဟုပင် ထင်မှတ်နေကြ၏။

သူ့အစ်ကို အောင်ဖေညွန့် နှင့် တွေ့ပြီးနောက် တော်တော်ကြာသည်အထိ သူဆေးရုံကို မရောက်ဖြစ် သေး။ သွားနာနေတာကို အကြောင်းပြကာ အခန်းထဲမှာအောင်းနေသည်။ တစ်ညနေ လဟာပြင်ဈေး က ထမင်းစားပြီးအထွက် လမ်းမပေါ်တွင် ဖြတ်မောင်းသွားသောအသုဘယာဉ် ဖြူဖြူကြီးကို မြင်တော့မှ ဦးလေးကို ပြန်နံခနဲသတိရလာသည်။ ဆေးရုံနှင့်လည်း ကပ်နေပြီ ဖြစ်သဖြင့် ရောက်ခဲ့ သည်။ အစီအစဉ် မရှိသဖြင့် ဘာမှပင် ဝယ်မလာနိုင်။ အမှန်တော့ လည်ချောင်းကင် ဆာဖြစ်နေတဲ့ သေဆုံးလုဆဲဆဲ လူနာတစ်ယောက်အတွက် (လောကွတ်လုပ်စရာ မလိုချင်) စားသောက်စရာတွေ ဝယ်ခြမ်း နေစရာ မလိုအပ်လှမှန်းသိနေတာလည်းပါသည်။

သူ့ ဦးလေးမှာ သိသိသာသာကြီး ပိန်ချုံးကျနေလေသည်။ အသားတွေလည်း ညိုခြောက်နေ၏။ အစာမဝင်တော့ ဟုဆိုသည်။ အရည်သောက်လျှင်ပင် လည်ချောင်းက မခံမရပ်နိုင်အောင် နာကျင်နေ သည်ဟု သိရသည်။ အောင်ဖေညွန့်တို့ လင်မယားလည်း ဦးလေးနားတွင် ရှိနေသည်။

အပြင်ဘက်တွင် မိုးသည်းသည်းမည်းမည်း ရွာသွန်းနေသည်။ တမိုးလုံး မှိုင်းအုံ့နေသည်ကို ပြတင်း ပေါက်ကတဆင့် သူ မြင်နေရ၏။ ဆေးရုံအတွင်းမှာ အလင်းရောင် အားနည်းလွန်းသဖြင့် အရာရာတိုင်း မှုန်တိမှုန်ဝါးဖြစ်နေသည်။ ဦးလေးက….
“မီးချောင်း ဖွင့်လိုက်စမ်းကွာ”ဟု ပြောသည်။ သူ့ဦးလေး အသံမှာ တစ်ခါမှ မကြားဖူးသော





အသံဖြစ်နေသည်။ တိုးတိုးမျှင်မျှင် နှင့် အက်ကွဲကွဲ ရှတတ။ သူက ဘယ်ခလုတ် ဖွင့်ရမှန်းမသိဘဲ ယောင်နနဖြစ်နေစဉ် ခုတင်ခေါင်းရင်းမှ ခလုတ်တစ်ခုကို သူ့ အစ်ကိုက ဖွင့်လိုက်၏။ တခဏချင်းမှာ မီးချောင်းအရောင်ဖြင့် လင်းထိန်သွားသည်။ သူ့ဦးလေးက သူ့ကို ကြည်ကြည်လင်လင် ထင်ထင်ရှား ရှား မြင်တွေ့သွားလိုသော ဆန္ဒရှိပုံ ရသည်။ သူကတော့ ခုန မှုန်တိမှုန်ဝါး အလင်းရောင်ပြပြ ထဲမှာ ဦးလေးနှင့် တွေ့ဆုံနေရတာကိုပဲ ပိုသဘောကျသေးသည်။ လူတစ်ဦးစီ၏ ဘဝတိုင်းထဲတွင် ရှိသော အမှောင်ရိပ်များထဲမှာ တခြားသူတွေ နှင့်လည်း မသက်ဆိုင်။ တခြားသူတွေလည်း နားမလည်နိုင် သော တသီးတခြားကိစ္စများ၊ သဏ္ဍာန်မပျက် လွတ်လပ်စွာ ခိုဝှက် တည်မြဲနေခွင့် ရှိစေချင်ပါသည်။
“အဖေ နေရတာဘယ်လိုနေလဲ”
“ကောင်းပါတယ်”
အမှန်တော့ မေးပြီးမှ မှားမှန်းသိသည်။ ပြင်းထန်သော ဝေဒနာ တစ်ရပ်ကို ခံစားနေရတဲ့ လက္ခဏာရပ် တွေ အထင်အရှား မြင်နေရပါလျက် “နေရတာ ဘယ်လိုနေလဲ”ဟု သူ မမေးသင့်။ ဦးလေးကလည်း ဘာကြောင့် “ကောင်းပါတယ် “လို့ ဖြေရ တာလဲ၊ မေးလာတဲ့သူကို စိတ်ချမ်းသာချင်စိတ် တစ်ခုနဲ့တော့ သေလုဆဲဆဲ အချိန်မှာ မုသား မသုံးသင့်ပါဘူး။

သည်အချိန်သည် လူ့ဘဝတွင် အရေးကြီးဆုံးအချိန်။ ဒါမှမဟုတ် အရေးကြီးတာတွေ ဆုံးသွားသော အချိန် (အရေးမကြီး သောအချိန်) ဖြစ်မည်။ သဘောပေါက်မည်ဆိုလျှင် ဤအချိန်သည် လူ့ဘဝတွင် လွတ်လပ်အပေါ့ပါးဆုံး အချိန်လည်းဖြစ်နိုင်သည်။ ထိုသူကို (ယခုအချိန်တွင်) ဘာကမှ ချည်နှောင်မ ထားနိုင်တော့၊ ဘာကမှ ချည်နှောင်ထားပိုင်ခွင့်လည်း မရှိတော့။ (ကိုယ်ကချည်နှောင်နေဆဲ ဆန္ဒရှိ လျှင်တော့ မပြောတတ်။)

ဦးလေး ခုတင်ဘေးစားပွဲပေါ်တွင် စာအုပ်အထူကြီးတစ်အုပ် တွေ့သဖြင့် လှမ်းကြည့်မိလိုက်သည်။ ဆေးပညာစာအုပ်မဟုတ်ဘဲ နာမည်ကျော်ဆရာတော်တစ်ပါးရေးသည့် ဝိပဿနာရှုနည်း ကျမ်းကြီး ဖြစ်နေသည်။ ဦးလေးက မျက်လုံးပိတ်ကာ မှိန်းနေ၏။ ထွက်လေဝင်လေကို မှတ်နေတာလည်း ဖြစ်နိုင်သည်။

သူ ဤဆေးရုံကိုလာမိတာ မှားယွင်းမှုတစ်ခုကို ကျူးလွန်မိသလိုခံစားနေရသည်။ ယခုလို စကားမ ပြောဘဲ လူနာခုတင်ဘေးတွင် အေးတိအေးစက်ထိုင်နေရမည့်အစား လာမတွေ့ဘဲ နေတာက သူရော ဦးလေးအတွက်ပါ ပို၍သင့်လျော်ဦးမည်ထင်သည်။ အမှန်တော့သူနှင့်ဦးလေးအကြားတွင် လောကွတ် မပြောကြစတမ်းဆိုလျှင် ပြောစရာစကားဟူ၍ မရှိလှ။ ဤသို့ ကုန်ခန်းနေခဲ့သည်မှာ ယခုမှမဟုတ်ဘဲ

ကြာမြင့်လှပြီဖြစ်ကြောင်း သတိထားတွေးမိပြန်သည်။ ဘဝအပေါ်သဘောထားပုံ၌ သူနှင့် ဦးလေးသည် ဘယ်လိုမှညှိနှိုင်းရလိမ့်မည် မဟုတ်ကြောင်းနှစ်ဦးလုံး အလိုအလျောက် သဘောပေါက်ကတည်းက ဤကိစ္စကိုသိမ်သိမ်မွေ့မွေ့ပင်ရှောင်ရှားခဲ့ကြသည်။ ဟန်ဆောင်၍ လော ကွတ်စကားကိုသူကလည်းအလေ့အထမရှိသဖြင့်မပြောတတ်။ (ဦးလေးကလည်း နားထောင် လိုစိတ် ရှိလိမ့်မည်မဟုတ်ချေ။)

ထိုင်ရင်း တိတ်ဆိတ်ခြောက်ကပ်ခြင်းရဲ့ အရသာကိုပင် သူနှစ်သက်နေမိပြန်သည်။ သူ့အစ်ကိုအောင်ဖေညွှန့်နှင့် သူ့ မိန်းမကလည်း ဘယ်ထွက်သွားလေသည်မသိ။ သူတို့အနားတွင် မရှိ။ သူစိတ်လွတ်ကိုယ်လွတ်ဖြစ်ကာ ရေးလက်စဝတ္ထုတစ်ပုဒ်အကြောင်း စိတ်ရောက်သွားပြန်သည်။ သူ့ဝတ္ထုမှာ ရေးပြီးမှ ဝတ္ထုနှင့်တူနေသဖြင့်ပြန်ဖျက်ဆီးနေရသော အကြောင်း ဖြစ်၏။ ဝါကျအကြောင်းကိုသူ့ခေါင်းထဲမှာ စီရေးနေရင်း သူ့မျက်လုံးများက အမှတ်မထင် ဦးလေးထံရောက်သွားသည်။

မျက်တောင်မခတ်ဘဲ သူ့ကို ငေးစိုက်ကြည့်နေသော ဦးလေးကို မထင်မှတ်ဘဲတွေ့ရ၏။ သူ့တွင်ပေါ်ခဲလှသော အားတုံ့ အားနာစိတ်ကလေး အနည်းငယ် ပေါ်လာကာ ဦးလေးကို တောင်းပန်စကားပြောမည်ဟု ရည်ရွယ်လိုက်သေး၏။ သို့သော် သူ့ကို စိုက်ငေး ကြည့်နေသည့် ဦးလေးမျက်လုံးများထဲတွင် တစ်ခါမှ မတွေ့ဖူးသော အရိပ်ကလေးတစ်ခု အမှတ်မထင် ဝင်းပြက်သွားတာကိုမြင်လိုက်ရသဖြင့် ပြောဖို့ မလိုအပ်တော့ကြောင်း သိလိုက်၏။ ထိုအရိပ်ကလေးမှာ မျက်လုံးပေါ်ကပြန် ပျောက်သွားသည်။ (ရင်ထဲကို ခုန်ရွှေ့သွားခြင်း ဖြစ်သည်။)

"မင်း ဒီအတိုင်း နေတော့မလား"

"ဟုတ်ကဲ့"

သူ သွက်သွက်လက်လက်ပင် ဖြေလိုက်၏။

"အေးလေ၊ ကိုယ့်ဘဝကိုယ် ကျေနပ်ရင် ပြီးတာပဲ"

စောတာနှင့် နောက်ကျတာပဲ ကွာခြားတာ၊ နောက်ဆုံးတော့ ဤအဓိပ္ပာယ်ကို လူတိုင်း နားလည်သွားသင့်သည်။

"ကျွန်တော်...."

ရုတ်တရက် မှောင်သွား၏။ မီးပျက်သွားသည်။

"ဒီလိုပါပဲကွာ"

ဦးလေးရဲ့ "ဒီလိုပါပဲကွာ" မှာ လေးနက်လှသည်။ လေသံက မကျေမချမ်းသံမဟုတ်၊ တောင်ပြို့တာကနေ အပ်ပျောက်တာ အထိ အဆက်မပြတ် ဖိစီးတင်းကျပ် နေသော လူသား၏ ဒုက္ခတရားများကို





ခုတော့လည်း ခံနိုင်ရည် ပြည့်ဝစွာဖြင့် သဘောပေါက်ကာ ဦးလေးသည် ဘဝတွင် ပြီးသင့်သလောက်လူ့ကိစ္စကို ပြီးစီးနိုင်ခဲ့ပြီ ထင်သည်။ အပြင်ဘက်တွင် မိုးကရွာဆဲဖြစ်သည်။ မိုးစက်နှင့် တခြားအရာများ အရှိန်ပြင်းစွာ ထိတွေ့သံက အဆက်မပြတ်တရစပ် ဆူညံစွာ မြည်ဟိန်းနေသည်။ အခုတော့တစ်လောကလုံးမှ အသံများကို မိုးသံက အားကောင်းစွာ ဖုံးလွှမ်းထားသည်။ တစ်ဖက်ခုတင်မှလူနာနှင့် လူနာ မေးသူများ စကားပြောနေသည့် အသံ၊ ပန်ကာလည်သံ၊ စားပွဲပေါ်မှ ချိုင့်ခွက်ရွှေ့သံ၊ အင်္ဂတေကြမ်းပြင်ကို လျှပ်တိုက်ကာ လျှောက်သွားနေသော သူနာပြုဆရာမ၏ ခြေသံ၊ ဘာသံကိုမှ မကြားရ။ မိုးရွာသံကို နောက်ခံဂီတအဖြစ် အသုံးပြုထားသော အသံတိတ်ရုပ်ရှင်ကား တစ်ချပ်ကိုကြည့်နေရသလိုသာ ရှိသည်။ ဤနေရာတွင် အလင်းနှင့်အမှောင် တိတ်ဆိတ်ခြင်းနှင့် ဆူညံ ခြင်းကိုပူလောင်အေးစက်စွာ တွဲပျော့ရောစပ်နေသည်။

ဦးလေးက တစ်ဖက်သို့စောင်းကာ လှဲနေသည်။ အိပ်နေသည်တော့ မထင်။ အတော်ကြာအောင် သူဆက်ထိုင်နေမိ၏။ အောင်ဖေညွှန့်တို့ လင်မယား ပြန်ရောက်လာတော့ ဦးလေးကို နှုတ်မဆက်တော့ဘဲ ပြန်လာခဲ့သည်။

အပြင်ဘက်တွင် မိုးတိတ်နေလေပြီ။ သို့သော် မြေပြင်တွင် ပြင်းထန်သော ရေစီးကြောင်းများ ဖြစ်ပေါ်နေဆဲ ရှိကာ တရုတ် စကားပွင့် ဖြူဖြူတစ်ချို့သည် ရေစီးထဲတွင် (မလိုက်ပါလိုဟန်) တွန့်ဆုတ်ချည်ထစ်ငေါ့ချည်နှင့်ပင်၊ တလိမ့်ခေါက်ကွေး ပွတ်တိုက်မျောပါသွားကြသည်။ သူလည်း ဆေးရုံကိုနောက်ထပ်မရောက်တော့ဘဲ နောက်တစ်ပတ်လောက် ရှိသောအခါ ဦးလေးသေလေသည်။

ဘယ်မှမရောက်ဘဲ အခန်းထဲမှာ အောင်းကာ အတော်ကြာအောင် တစ်ယောက်တည်း နေနေသည်။ စာရေးစာဖတ်ပင် မလုပ်။ ပန်းဆိုးတန်းကိုလည်း မရောက်။ အချိန်များစွာ လေးထပ်တိုက်၏ ခေါင်မိုးပေါ်တွင် တစ်ကိုယ်တည်းရှိနေခဲ့၏။ ငြိမ်းကိုတော့ လွန်ခဲ့သောအပတ်က ဗိုလ်ချုပ်လမ်းပေါ်တွင် ကားကြီးတစ်စီးထဲမှာထိုင်ရင်းပါသွားတာတော့ လှမ်းမြင်ခဲ့သေးသည်။ ခိုများလည်းမလာ၊ စွန်တက်လွှတ်သည့် ကလေးများလည်းမလာ၊ တခါတရံ အေးစက်သော မိုးပေါက်များသာ ပျင်းရိပျင်းတွဲကျနေတတ်သည်။ များသောအားဖြင့်မူ မိုးတိမ်များသည် ခပ်ဝေးဝေးဆီမှသာ လွင့်ပါသွားကြလေသည်။

တစ်နေ့ သူ ထမင်းစား ပြန်တက်လာသောအခါ ပိတ်ထားသော သူ့တံခါးကို မှီရပ်၍ သူ့အားစောင့်နေသော သူ့အစ်ကို အောင်ဖေညွှန့် ကို တွေ့ရ၏။

"အစ်ကို ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး၊ မင်းဘယ်သွားနေတာလဲ"

"ထမင်းဆင်းစားတာ"

အခန်းတံခါးသော့ကို ဖွင့်ရင်း သူဖြေသည်။ သူ့အစ်ကိုက...

"ငါက ဒါကို မေးတာမဟုတ်ဘူး၊ မင်းရန်ကုန်မှာ ရှိရဲ့လားလို့ "ဟု အခန်းထဲကို နောက်မှ ဝင်လာရင်း ပြော၏။ တစ်လုံး တည်းသော ကုလားထိုင်မှာ သူ့အစ်ကိုက ထိုင်သည်။ သူက ခုတင်ပေါ်ထိုင်လိုက်ရင်း...

"ရှိပါတယ်....ဘာဖြစ်လို့လဲ"

"မတွေ့တာ ကြာလို့ပေါ့၊ အိမ်ကိုလဲ တစ်ခေါက်မှ မလာဘူး၊ ဆန်းဒေးကျရင် အိမ်ကိုလာဦး၊ ဟိုရောက်မှ ထမင်းစား"

"လူတွေ အများကြီးလား"

သူ့အစ်ကိုက စိတ်တိုသလို ပြန်ကြည့်ရင်း....

"မင်းရယ်...တို့လင်မယား ရယ်ပေါ့...ဒါပဲ"

"လာခဲ့မယ်လေ"

ထိုနေ့က လွယ်လွယ်ပြောလိုက်သော်လည်း ချိန်းထားသော (တနင်္ဂနွေ) နေ့ရောက်သောအခါ သူ မသွားတော့ ဟု ဆုံးဖြတ် မိပြန်သည်။ နံနက်၁၀နာရီ ထိုးလုနီးအထိ အိပ်ရာထဲ လှဲနေသည်။

သူ့သွားကလည်း ကိုက်နေသည်။ ကိုက်နေသည်မှာ သုံးလေးရက် ရှိပြီ။ တခါတရံ ဆိုးဆိုးဝါးဝါးပင် ကိုက်ခဲ၏။ အပြင်တွင် မိုးကလည်း စိတ်ပျက်စရာကောင်းအောင် တစိစိ တစွတ်စွတ် ရွာနေသည်။ နေရောင်ကို ကောင်းကောင်းမမြင်ရသည်မှာ တစ်ပတ်ကျော်ကျော်ခန့် ရှိပေပြီ။ သွားကိုက်သည့် ဒဏ်ကြောင့်လား၊ အအေးဒဏ်ကြောင့်လားမသိ။ သူ့ကိုယ်လည်း နည်းနည်းနွေးနေ၏။ နောက်တော့ သူ စိတ်ကူးတစ်မျိုးပြောင်းကာအင်္ကျီထလဲရင်း တိုက်ခန်းမှထွက်လာခဲ့၏။ သူ့အစ်ကို အောင်ဖေညွှန့် သည် လေးနက်မှု မရှိသော်လည်း လူရိုးလူကောင်း တစ်ယောက်ဖြစ်သည်။ သူ့အပေါ် တွင်လည်း အစ်ကိုရင်းတစ်ယောက်နှင့် မခြားရှိသည်။ အပြင်တွင်မိုးသည် အုံ့မှိုင်းနေသေးသော်လည်း တဖွဲဖွဲသာရွာတော့၏။ နံရံတွင် ချိတ်ထားသော ဂျင်းကွတ်အင်္ကျီကို သူ ကောက်ဝတ် ခဲ့သည်။

မိုးလင်းကတည်းက ဘာမှမစားရသေးသဖြင့် နီးစပ်ရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲကို ဝင်ခဲ့သည်။ ဆိုင်ကမိုးခိုရင်း ဝင်စားသောက်နေသူတို့ နှင့် ပြည့်နေသည်။ သူ တစ်ကိုယ်တည်း ထိုင်၍ ရနိုင်သည့် စားပွဲလွတ် မရှိသဖြင့် လူနှစ်ယောက် ထိုင်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ရ၏။ သူ့ရှေ့မှ သူနှင့်မတိမ်းမယိမ်း လူနှစ်ယောက်သည် အသံကျယ်ကျယ်နှင့် စကားပြောနေကြ၏။



"အင်္ကျီဘယ်လောက် ပေးရလဲ"

မင်းဝေ၏ ဂျင်းကုတ်ကို လိုချင်သော မျက်လုံးနှင့် ကြည့်ကာ တစ်ယောက်ကမေး၏။

"ဌားဝတ်လာတာ"

မင်းဝေ ဤသို့ဖြေရင်း စိတ်ပျက်စ ပြုလာသည်။ လက်ဖက်ရည်ကလည်း ချိုလွန်းသည်ကလွဲ၍ ဘာ အရသာမှမရှိ။ မင်းဝေက အချိုကြိုက်သူမဟုတ်။ သွားက နာလာပြန်သည်။ သူ့ဘေးက တစ်ယောက် က မေးပြန်၏။

"ဘယ်နှစ်နာရီ ရှိပြီလဲ"

"နာရီ ပျက်နေတယ်"

ထိုလူနှစ်ယောက် မကျေမချမ်းဖြစ်နေစဉ် သူဆိုင်ထဲကထွက်လာခဲ့သည်။ ထမင်းစားချိန် နောက်ကျ နေမှာ စိုးသဖြင့် သူ ဘတ်စ်ကားတစ်စီးပေါ် တိုးတက်ခဲ့သည်။ ကားပေါ်ရောက်မှသူ မှားမှန်း သိသည်။ ဘာကြောင့်အငှားကား တစ်စီးကို စီးသွားရန် စိတ်ကူးမရသနည်း။

မှတ်တိုင်တစ်ခု အရောက်တွင် သူ့ဘေးမှလူက တိုးဝှေ့ဆင်းရင်း သူ့ ခြေထောက်ကို တက်နင်းသွား လေသည်။ ဘတ်စ်ကားထွက်မည့် ဆဲဆဲ အချိန်မှာပင် မင်းဝေ အပေါက်သို့ တိုးဝှေ့ဆင်းလိုက်၏။

သူ့ရှေ့တွင် ထီးနက်ကြီးတစ်စင်းဆောင်းကာ လျှောက်သွားနေသော သူ့ခြေထောက်အား တက်နင်း သွားသူကို တွေ့ရ၏။ မင်းဝေ သူ့နောက်ကို ခပ်သွက်သွက် လျှောက်လိုက်လာခဲ့သည်။ မီသောအခါ ထိုသူ၏ ပခုံးကိုကိုင်ကာ ဆွဲလှည့်လိုက်သည်။ ထိုလူက နားမလည်နိုင်သလို ငေးကြည့်နေမိ၏။ မင်းဝေက ဘာမှမပြောတော့ဘဲ ပြန်လှည့်ထွက်လာခဲ့သည်။

အောင်ဖေညွှန့်တို့လင်မယား ထမင်းပွဲပြင်ပြီး သူ့ကို စောင့်မျှော်နေသောအချိန်တွင် မင်းဝေသည် သူ့အခန်းကို ရောက် နေကာ ခုတင်ပေါ်တွင် အေးအေးလူလူ လှဲလျက်ရှိ၏။

ဘယ်တုန်းက ပွင့်ခဲ့သည်မသိ။

သူ သတိမထားမိဘဲ ဆူးကြမ်းပင်တွင် လက်သည်းခန့်ရှိသော ပန်းဖြူဖြူကလေး တစ်ပွင့် အားကုန် ပွင့်၍ နေလေသည်။

ဒဂုန်(အောက်တိုဘာ၊၁၉၈၆)

# အိမ်နှင့်လူ

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။

ဉာဏ်တော်ကြီးမြတ် တော်မူလှပေသော အရှင်သည်၊ တစ်ခုတည်းသော သံသရာပုစ္ဆာ၏ အဖြေကို တွေ့သိတော်မူပေသည်။ ဘုရားအဖြစ်သို့ ရောက်တော် မူပြီးနောက်၊ "ခန္ဓာအိမ်ကို အကြိမ်ကြိမ် ဆောက်တတ်သော တဏှာယောက်ျား၊ ဟယ်....ပဲခွပ်သမား "ဟု ဥဒါန်းကျူးရင့်တော် မူနိုင်ခဲ့သည်။ ပါရမီ မရင့်သန်သူမို့ ခန္ဓာအိမ်ကိုအဖန်ဖန်အကြိမ်ကြိမ် ဆောက်မိပါသည်ဘုရား။ အတ္တဘောတည်း ဟူသော ခန္ဓာအိမ်ကို ရသောဘဝမှာ ထိုအိမ်ကလေးအား ထားရန် အိမ်ကြီးကို ရှာပြန်လေသည်။

သူ အိမ်တစ်လုံးဆောက်ခဲ့ဖူးပါသည်။ မြက်ခင်းစိမ်းစိမ်းများ ဖုံးလွှမ်းနေသည့် မနိမ့်မမြင့် တောင်ကုန်းလေးတစ်ကုန်းပေါ်မှာ ပင်လယ်ပြာပြာကို မျက်နှာပြုထားသော မိသားစုလေးယောက် နေနိုင်ရုံ တစ်ထပ်သစ်သားအိမ်ကလေးတစ်လုံး ဖြစ်သည်။ နေရာလပ်မရှိအောင် ဆေးဖြူသုတ်ထားသော ထိုအိမ်ကလေးတွင် အလင်းရောင်ကောင်းကောင်းရရန်နှင့် လေကောင်းကောင်းရရန် မှန်တံခါးချပ်များတပ်ဆင်၍ ပြတင်းပေါက်ကျယ်ကျယ်များ ဖောက်လုပ်ထားသည်။ အိမ်ဝရန်တာတွင် ခရမ်းနရောင် အပွင့်သေးသေးကလေးများ ပွင့်သည့် နွယ်ပင်များ တွယ်ကပ်နေကြသည်။ ခြံထဲမှာတော့ ပင်လယ်ကဗွီးပင်နှင့် ယူကလစ်ပင်များ ခပ်ကျဲကျဲ ပေါက်နေ၏။





ထိုအိမ်ကလေးတွင် အသားဖြူဖြူ ပါးချိုင့်ကလေးနှင့် ချစ်စရာကောင်းလောက်အောင် အရုပ်ဆိုးသော သူနှင့် အတူနေသည့် မိန်းကလေးတစ်ယောက်လည်းရှိသည်။ (သူတို့ ဘယ်တုန်းကမှ လက်မထပ်ခဲ့) ပြီးတော့ သူ တစ်ခါတလေရေးသည့် ဆီဆေးပန်းချီကားပေါ်၌ သူ့အလစ်တွင် စုတ်တံဖြင့် ကြက်ခြေခတ်ရာဖြစ်အောင် ခြစ်တတ်သော မျက်လုံးပြူးပြူး သမီးကလေးတစ်ယောက်နှင့် တစ်ခါတရံ မှန်ပြတင်းပေါက်များကွဲအောင် ဘောလုံးဖြင့်ကန်တတ်သော ဆံပင်ရှည်ရှည်နှင့် သားကလေးတစ်ယောက်လည်းရှိသည်။ (နှစ်ခုလုံးမှာ ပျော်စရာကိစ္စများ ဖြစ်ခဲ့သည်။) ချစ်စရာကောင်းလောက်အောင် အရုပ်ဆိုးသောမိန်းကလေး ဈေးကအပြန် ဆံပင်ကောက်လာသောနေ့တွင် သူနှင့် ရန်ဖြစ်ကြသည်။ ထိုလိုခဏမှာတော့ ဆေးဖြူသုတ်ထားသော အိမ်ကလေးအတွင်းမှာ အနည်းငယ် မှိုင်းညို့နေချင်နေပေမည်။ စာဖတ်ခန်းထဲဝင်ကာ စာဖတ်ချင်ယောင်ဆောင်နေဖို့ သူကောက်ကိုင် လိုက်သောစာအုပ်မှာ ပီ၊ဂျီ၊ဝုဒ်ဟောက်စ်စာအုပ် ဖြစ်နေတတ်၏။ သားနှင့်သမီးကတော့ သူတို့ ကြိုက်သော မက်ဒိုနာ၏ ဗီဒီယိုအခွေကိုဖွင့်ကာ ငြိမ်ငြိမ်ကုပ်ကုပ် ခြေထောက်ဖြူဖြူကလေးများနှင့် စည်းချက်လိုက် နေကြမည်။ ဆံပင်ကောက်ကောက်အသစ်နှင့် စိတ်အသစ်ကောက်နေသော မိန်းကလေး မီးဖိုထဲမှနေ၍ သူ ကြိုက်တတ်သော ဝက်ပေါင်ခြောက်ကို တမင်သူ ညှော်နံ့ရအောင် ကြော်နေသည်။

ဆေးဖြူသုတ်ထားသော အိမ်ကလေးအတွင်းမှ မှိုင်းညို့မှုမှာ တာရှည်ခံလေ့မရှိပါ။ တစ်ယောက်ယောက်က (သူသာ ဖြစ်ဖို့များသည်) ပြတင်းပေါက်ကျယ်ကျယ် တစ်ချပ်ကို တွန်းဖွင့်လိုက်လျှင် အပြာနုရောင် ပင်လယ်ဆီမှ လတ်လတ်ဆတ်ဆတ် လေအေးအေးက အိမ်ထဲကို တိုးဝင်လာကာ အထဲမှ မှိုင်းညို့မှုများကို အပြင်သို့တိုက်ခတ် သယ်ယူသွားတတ်သည်။ ထိုခဏ၌ ရုတ်တရက် ဝင်လာသော အလင်းရောင်ကြောင့် အိမ်အတွင်းမှာ ပို၍လည်း ဖြူလက်သွားတတ်၏။

ထိုသို့ သူဆောက်ခဲ့ဖူးသော အိမ်ကလေးမှာ သူ့စိတ်ကူးအတွင်းမှာသာ ဖြစ်လေသည်။

"ခင်ဗျား ဒီနေ့ ဘယ်မှာအိပ်မှာလဲ"

လက်ဖက်ရည်ဆိုင်မှအထတွင် အကြောင်းသိသော မိတ်ဆွေကမေးလိုက်သောစကားကို ချက်ချင်းပြန်မဖြေနိုင်။ "ရှိပါတယ်"ဟုသာ ပြီးစလွယ်ပြောရင်းထွက်ခဲ့၏။ မိုးတဖွဲဖွဲ ကျလာပြန်သဖြင့် ပန်းခြံအနီးမှ အဆောက်အအုံတစ်ခု၏ ဆင်ဝင်အောက်တွင် ခိုကပ်လိုက်ရပြန်သည်။ သူ့လိုပင် ခရီးသွားသူတချို့မိုးခိုနေကြ၏။ လှေကားထစ်များအောက်အုတ်ခုံပေါ်မှာ အိပ်ပျော်စဖြစ်ဟန်တူသော အိန္ဒိယလူမျိုးအဘိုးအို တစ်ဦးကို တွေ့ရ၏။ သည်ညအဖို့ ကျောခင်းစရာ တစ်နေရာ ပြေလည် သွားရှာသော လူသားတစ်ယောက်ကို သူ ဝမ်းမြောက်ဝမ်းသာ ကြည့်နေမိသည်။ နေဝင်တိုင်း ထိုကိစ္စအတွက်

ပူပန်ရသော ဘဝမှ သူကော ဘယ်တော့လွတ်မြောက်နိုင်ပါမည်နည်း။

ကိုယ်ယုံကြည်ရာမှာ ဘဝကို နောင်တမဲ့ စိုက်နစ်စွဲမက်တော့မည်ဟု မိဘအရိပ်ကို စွန့်ခွာလာက တည်းက နွေးထွေးသော၊ လုံခြုံသော၊ ငြိမ်းအေးသော၊ သက်တောင့်သက်သာဖြစ်သော "အိမ်" ဆိုသောအရာသည် အဝေးတွင် မှုန်ဝါး လွင့်စင် ကျန်ရစ်ခဲ့လေသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလကတော့ ရန်ကုန်မြို့ကြီးသည် အိပ်စရာနေစရာ မရှားလှသေး။ ရန်ကုန်ဘူတာကြီးမှာ၊ သင်္ဘောဆိပ်မှာ ခရီးသွားမည့်သူများနှင့် ရောနှော၍ ဟန်ဆောင်ကာ အိပ်နိုင်သည်။ ဒါမှမဟုတ် မိုးလင်းဖွင့်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ညလုံးပေါက်ထိုင်နိုင်သည်။ (သည်အလုပ်ကတော့ လက်ဖက်ရည်တစ်ခွက်ဖိုး နှင့် ဆေးပေါ့လိပ်ဖိုး ငွေ တစ်ကျပ်တော့ အိတ်ထဲမှာ ရှိရသည်။) မိုးလင်းတော့မှ အမျိုးသားစာကြည့်တိုက်ဖြစ်ဖြစ်၊ ပြန်ကြားရေးစာကြည့်တိုက် ဖြစ်ဖြစ် တစ်ခုခုဆီသွားပြီး စာအုပ်တစ်အုပ်ကိုရှေ့တွင် ဖြန့်ခင်းကာထိုင်လျက် ခိုးအိပ်နိုင်သည်။ သဘောကောင်းသော အလှည့်ကျ စာကြည့်တိုက်မှူးနှင့် ကြုံလျှင် စားပွဲပေါ်မှောက်အိပ်နိုင်သော အခွင့်အရေးပင်ရတတ်၏။ အခုတော့ရန်ကုန်ဘူတာကြီးတွင် ခရီးသည်များညအိပ်နေရန် ခွင့်မပြု တော့။ မိုးအလင်းဖွင့်သော လက်ဖက်ရည်ဆိုင်များလည်းမရှိတော့။ သက်ဆိုင်ရာက ၁၁နာရီ ထိုးသည်နှင့် ဆိုင်တိုင်း သိမ်းစေသည်။ စာကြည့်တိုက်များကလည်း နေ့ခင်းဘက် လာအိပ်သူများကို (စာဖတ်ခန်းထဲတွင် အိပ်စက်ခြင်းမပြုရ) ဟူသော စာတန်းများချိတ်ဆွဲကာ ကန့်ကွက်တားမြစ်ကြသည်။ အိပ်စရာခက်ခဲသော တစ်ညက မရောက်တာ ကြာပြီဖြစ်သော ကမ်းနားလမ်းဇောတံတား တစ်ခုမှာ သွားအိပ်ခဲ့မိသေး၏။ မိုးလင်းတော့ ဘယ်သူ ဖြုတ်သွားမှန်း မသိ။ သူ့မျက်မှန် မရှိတော့။ မျက်မှန်က ဟောင်ကောင်ကော်ကိုင်းမို့ တန်ဖိုးမရှိလှ။ အဝေးကြည့် မျက်မှန်မို့သာ သူ စာရေးစာဖတ် မထိခိုက်သည်။ သူလည်း ကမ်းနားလမ်းကို လန့်သွားသည်။

တစ်ညနေကလည်း သူ ဇောတံတားပေါ်မှာ ထိုင်ပြီး ဆေးလိပ်သောက်နေစဉ် အင်္ကျီကျွတ်နှင့် ဗလ ကောင်းကောင်း လူတစ်ယောက် အနားရောက်လာကာ "ပေးစမ်း" ဟု တစ်ခွန်းတည်း ပြောရင်း လက်ထဲက သောက်လက်စ ဆေးလိပ်ကို လုယူသွားတာ ခံရဖူး၏။ ကိုယ်ကလည်း တွေတွေငေးငေး သမားမို့ ရုတ်တရက်ဘာဖြစ်သွားမှန်းနားမလည်။ ပထမတော့ ဆေးလိပ်မီးညှိရအောင် တောင်း သည်ဟုပင် ထင်သေး၏။ နောက်မှ သူအနိုင်ကျင့် ခံရတာပဲဟု သဘောပေါက်ပြီးပြုံးရယ်မိ၏။





လောကမှာ အတိတ်ဘဝကုသိုလ်ကြောင့်ငွေရတဲ့သူကရ၊ ဉာဏ်ရတဲ့လူကရ၊ ဗလရတဲ့လူကရပေ မယ့် ကိုယ်အစွမ်းအစ ရှိတာပေါ်မှာအားကိုးပြီး တခုခုချို့တဲ့သူကို အနိုင်မကျင့်သင့်ပါဘူး။ အမှန်တော့ ကမ်းနားလို နေရာမျိုးက သူတို့လို အေးအေး ဆေးဆေး သမားတွေနှင့် မသင့်တော်။ သူ့ထက် ဗလကောင်းသော အင်္ကျီကျွတ်နှင့် လူက သူ့ကို ဘဝတူ ကလေကချေ တစ်ယောက်လို့ပဲ မှတ်ပေလိမ့်မည်။

သူဟာ ကလေကချေတော့လည်း မဟုတ်ပါဘူး။ မျိုးရိုးကောင်းမိဘက ဆင်းသက်လာသူပါ။ လူတွေ အထင်ကြီးတယ် ဆိုတဲ့ အတန်းပညာကိုလည်းကောင်းကောင်းသင်ခဲ့ဖူးတဲ့သူပါ။ ပြီးတော့ သူ့ခေါင်း ထဲမှာလည်း အတန်းပညာထက် အဆပေါင်းများစွာ တန်ဖိုးရှိတယ်လို့ သူယူဆတဲ့ပညာတွေနဲ့ ပြည့်တင်းနေတဲ့ သူပါ။ အသည်းနှလုံးထဲမှာလည်း သူနေထိုင်တဲ့ ကမ္ဘာကြီးကိုသူတတ်တဲ့ အနုပညာနဲ့ ကောင်းမြတ်ပြည့်စုံအောင် သွန်းလုပ်ဖန်တီးချင်တဲ့ စေတနာတွေနဲ့ ဖိတ်လျှံနေတဲ့သူပါ။ အဲဒီလူကို နေစရာ အိမ်ကလေးမျှ မရှိတာနဲ့ ကလေကချေလို့တော့ မခေါ်သင့်ဘူးပေါ့။

သို့သော် ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ဆိုတာကတော့ လူဆိုတဲ့ဂုဏ်သိက္ခာကို လုံခြုံအောင် ထိန်းသိမ်း နိုင်လောက်ရုံ အိမ်ကလေးတစ်လုံး (သူ့ စိတ်ကူးထဲက အိမ်မျိုးဖြစ်ရမည်) နှင့် ငွေသုံးသိန်း လောက်တော့ ရှိသင့်သည်ဟု ဝန်ခံပါသည်။ သူ့လို နေ့တိုင်း ကျောခင်းစရာ တစ်နေရာကိစ္စ အတွက် နေဝင်မှာ စိုးရွံ့ပူပန်နေသော ဘဝကတော့ မကောင်းလှဘူးပေါ့။

အနည်းဆုံး တစ်လ ငါးဆယ်လောက် ပေးရတဲ့ ဘော်ဒါဆောင်က တစ်ယောက်ခန်းကလေး တစ်ခု ကိုတော့ ပိုင်ဆိုင်သင့်ပါသည်။ လွန်ခဲ့သော အနည်းငယ်အဆင်ပြေသည့် နှစ်များကတော့ (စိတ်ဆင်း ရဲ အမြဲခံနေရသော ဘဝတွင်) ကိုယ်ဆင်းရဲ မခံချင်သဖြင့် ကမာရွတ် သို့မဟုတ် သမိုင်း၊ အင်းစိတ် တစ်နေရာရာရှိ ဘော်ဒါဆောင် တစ်ခုခုမှာ အခန်းတစ်ခန်းတော့ရအောင် ငှားနေတတ်ခဲ့သည်။

ကြိုတင်ငွေ နှစ်လခလောက်ပေးနိုင်လျှင် အခန်းတစ်ခန်းရနိုင်သည်။ ပြီးတော့လည်း ထမင်းနပ်မှန် ရန် ခက်ခဲသောဘဝမှာ နောက်လနောက်လအတွက် အခန်းခများ သူမရှင်းပေးနိုင်တော့။ သို့ဖြင့် ဘော်ဒါဆောင်တစ်ခုတွင် တတ်နိုင်သမျှ တွယ်ကပ်နေသော်လည်း လေးငါးလခန့်သာ လက်ခံကာ သူ ဆင်းပေးရလေ့ ရှိ၏။ တချို့ဘော်ဒါဆောင် ပိုင်ရှင်များက ဆင်းမပေးလျှင် ရဲတိုင်မည်၊ ကောင်စီ တိုင်မည်ဟု ခြိမ်းခြောက်၏။ တချို့ကတော့ သူ့ ပစ္စည်းများကို အခန်းပြင်ထုတ်၍ ပုံထားပြီး အခန်း တံခါးကို သော့အသစ်လဲခတ်ကာ ပိတ်ထားလိုက်တတ်၏။

မိုးတိတ်သွား၏။ ညဥ့်လည်း ရင့်ရော်စပြုပြီ။ မိုးခိုသူများမှာ လိုရာသို့ အလျှိုလျှို ထွက်သွားကြသည်။ ဒီည သူ ဘယ်မှာအိပ်ရမည်နည်း။ သူ့အိတ်ထဲမှာ ငွေနစ်ကျပ်လောက် ရှိရင်တော့ ကြည့်မြင်တိုင် ဘူတာဘက် သွားအိပ်မည်ဟု စိတ်ကူးသေး၏။ အိတ် ထဲမှာက ငွေနှစ်ကျပ် ပြည့်အောင်မရှိ။

ကြည့်မြင်တိုင် ဘူတာအနီးမှ အိမ်များသည် ထိုသို့ ညအိပ်မည့်သူများအတွက် ဖျာငှားတတ်သည်။ ဖျာတစ်ချပ် ကို နစ်ကျပ်ပေးရ၏။ စောစောသွားလျှင် ထိုဖျာငှားသော အိမ်များ၏ ဝရန်တာ၊ ဖိနပ်ချွတ် မှာ နေရာတစ်နေရာလောက်ရတတ်သည်။ ခုချိန်မှ သွားလျှင်တော့ ဖျာကိုယူကာ ဘူတာစင်္ကြံပေါ် လွတ်ရာခင်း၍ အိပ်ရုံသာ ရှိသည်။ ညအိပ်ခရီးသည်များကို ရည်ရွယ် ငှားသော်လည်း ထိုနေရာတွင် ညအိမ်သူများမှာ ခရီးသွားများထက် ပုံကျများက များနေတတ်၏။

ရန်ကုန်မြို့ တိုက်ကြိုတိုက်ကြား လှေကားထစ်များအောက်မှာကလည်း အရင်လို အိပ်ရတာ မလွတ် လပ်တော့။ တိုက်ရှင်က နှင်ချင်နှင်၏။ ရုံးတစ်ရုံးဖြစ်လျှင်လည်း ညစောင့်ကနှင်၏။ ညစောင့်ကို ပိုက်ဆံပေးအိပ်လျှင်လည်း ဖြစ်ပြန်သည်။ အခြေအနေသိပ်ဆိုးစဉ်က သူလည်းအိပ်ခဲ့ဖူး၏။ သို့သော် အခုအိပ်ဖို့ မစဉ်းစားရဲတော့။ သက်ဆိုင်ရာကတွေ့၍ မှောင်ရိပ်ခိုမှု နှင့် အရေးယူခံရလျှင် မလွယ်။ တကယ်တော့ တိုက်လှေကားထစ်အောက်မှာ အိပ်ဖို့ကိစ္စကပင် ခက်ခဲသေး၏။ နေရာလွတ် မှန် သမျှ ငါးနာရီခြောက်နာရီလောက်ကတည်းက နေရာဦးထားနှင့်သူတွေ ရှိနေတတ်၏။ ယောင်လည် လည်နှင့် ထိုအနီးတဝိုက်တွင်ထိုင်နေတတ်သည်။ တချို့ကတော့ လူကိုယ်တိုင်ပင် မဟုတ်ဘဲ အုတ် နီခဲပင် ချကာ ဦးထားတတ်၏။ ပြီးတော့ သူတို့ ဦးထားရသောနေရာကို ပြန်ရောင်းစားကြသည်။ မိုး ကွယ်လေကွယ်၊ သက်ဆိုင်ရာကလည်း ပြူန်းခနဲလမ်းပေါ်က လှမ်းကြည့်ရုံနှင့် မတွေ့နိုင်သော နေရာ မျိုးဆိုလျှင် နေရာကောင်းဟုခေါ်ကာ သုံးကျပ်အထိ ပေးရတတ်၏။

လမ်းလျှောက်ရင်း ဒီတစ်ည သူသွားရောက် အိပ်စက်နိုင်မည့် မိတ်ဆွေသူငယ်ချင်းများ၏ အမည်ကို ခေါင်းထဲမှ တန်းစီကြည့်နေမိသည်။ အိပ်၍ မဖြစ်နိုင်သောသူများကို သူ့ခေါင်းထဲက စာရင်းမှ ပယ်ဖျက်ပစ်၏။ သူတို့မှာလည်း အကြောင်း ပြစရာ ကိုယ်စီနှင့် ဖြစ်သည်။

"ကျွန်တော့်သမီးတွေ ကြီးပြီဗျာ၊ လူစိမ်းယောကျာ်းတစ်ယောက် အိမ်မှာအိပ်တာကို လက်ခံဖို့ မသင့်လျော်တော့ဘူး"

ဟု သူငယ်ချင်းတစ်ယောက်က ထူးထူးခြားခြား ငြင်းဖူး၏။ ဒီတော့မှ သူကိုယ်တိုင်၏ အသက်လည်း လေးဆယ်ထဲရောက် နေပြီကိုသတိထားမိ၏။ သူငယ်ချင်း၏ သမီးကလေးများမှာ သူဂရုမပြုမိခိုက် မှာပင် အပျိုကလေးများဖြစ်နေသည်ကို အံ့သြစွာတွေ့ရ၏။ သူ အချိန်ပြည့် ထိုအိမ်တွင် အိပ်စားနေ





စဉ်က သူတို့လေးတွေမှာ သူခေါ်၍ နပ်ညှစ်ပေးခဲ့ရသော ပီဘိကလေး ငယ်များသာ ဖြစ်ခဲ့ကြသည်။

နောက်ဆုံးတော့ မြို့သစ်မှာနေထိုင်သောမိတ်ဆွေတစ်ယောက်၏ နာမည်ကိုသူသွားအမှတ်ရသည်။ ထိုမိတ်ဆွေသည် ဆင်းရဲသော်လည်း သဒ္ဓါတရားကောင်းကာ သူ့အပေါ်မှာလည်း အလေးအမြတ်ရှိ သူ ဖြစ်၏။ အလုပ်မ်းဝေးသည်မို့ သူကသာ အရောက်အပေါက် နည်းနေခဲ့သည်။

မြို့သစ်သွား ဘတ်စ်ကားအိုအိုကြီးတစ်စီးပေါ်တွင် ထိုင်လိုက်လာရင်း နှေကာလ တလျှောက်က ကားတစ်စီးထဲမှာ သူလနှင့်ချီကာ အိပ်ခဲ့ဖူးတာအမှတ်ရလာပြန်သည်။ ဆင်ခြေဖုံးက သူငယ်ချင်း တစ်ယောက်သည် ဓာတ်ဆီထုတ်ရောင်းစားရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရှစ်ထောင်ကျော်ပေးရ သော ဘီးလိုမ့်နိုင်ရုံ ကားစုတ်ကလေးတစ်စီးကိုဝယ်ထားဖူး၏။ သူ့မှာက ထိုကားကို ထားရန်ဂိုဒေါင် မရှိ။ သူတို့မိသားစု ခုနစ်ယောက်ပင် ကားဂိုဒေါင်လောက်ရှိသည့် အိမ်ကလေးထဲတွင် နေထိုင်ကြသူ များဖြစ်၏။ သည်တော့ကားကို ဓာတ်ဆီထုတ်ချိန်မှ လွဲ၍ လမ်းဘေးတွင် အမြဲရပ်ထားရသည်။

"မင်း အိပ်စရာ မရှိရင် ငါ့ကားထဲ လာအိပ်လေ"

ဟု သူငယ်ချင်းက ဖိတ်ခေါ်၏။ သူလည်း ညဘက် ကျောခင်းစရာတစ်နေရာပြေလည်သွား၏။ ကားရှင်သူငယ်ချင်း အဖို့လည်း ညဘက်သူ့ကားကို စောင့်ပေးမည့်သူအား ပိုက်ဆံတစ်ပြားမှ မကုန် ဘဲ အလကားရလိုက်၏။ တစ်ခုတော့ရှိသည်။ ကားထဲမှာ အိပ်ရတာ နွေမို့လှောင်အိုက်လှသည်။ ကားတံခါးများကိုဖွင့်အိပ်တော့လည်း ခြင်က မတန်တဆ ကိုက်ခဲလာ၏။ ဆောင်းတွင်းကျလျှင်တော့ ကားထဲမှာ အိပ်ရတာအဆင်ပြေလိမ့်မည်ဟုသည်းခံနေဆဲ။ နစ်လွန်ကားများ ဖျက်သိမ်းမည့် သတင်း က ထွက်လာ၏။ သူ့သူငယ်ချင်းလည်း ကားကိုရရာဈေးနှင့် နယ်မှဆင်းဝယ်သူတစ်ယောက်ကို ရောင်းလိုက်လေသည်။

သို့သော် မိုးဖြိုင်ဖြိုင်ကျမလာမီ ကာလအထိတော့ သူ့အိပ်ရာထိုင်ခင်းကိစ္စမှာ အခက်အခဲ သိပ်မရှိလှ။ ဤအချိန်များက ရန်ကုန်တွင် ပွဲလမ်းသဘင်ပြတ်သည်မရှိ။ ဘုရားပွဲ၊ ဇာတ်ပွဲ၊ မိုးအလင်းရုပ်ရှင်ရုံ စသဖြင့် ဆိုင်းသံဗုံသံနှင့် အသံချဲ့ စက်သံကိုသာ နားစွင့်နေဖို့ ရှိသည်။ ပြီးတော့ ပွဲခင်းထဲသွားကာ ပွဲဈေးတန်းမှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည် တစ်ခွက် ဆေးပေါ့လိပ်တစ်လိပ်နှင့် ညဥ့်အတော်နက်သည်အထိ ထိုင်နေမည်။ များသောအားဖြင့် ၁၂နာရီကျော်လျှင် ရုံဖွင့် တတ်၏။ ရုံဖွင့်လျှင် ရုံထဲဝင်ကာ နောက်ဆုံးမှ လွတ်ရာဖျာတစ်ချပ်အပေါ် ခွေခွေကလေး လှဲအိပ်လိုက်ရုံပင်။ ခွေခွေမအိပ်၍ တော့ မဖြစ်။ သိပ်မကျယ်သော ပွဲခင်းထဲမှာ ခြေဆန့်လက်ဆန့် လွတ်လွတ်လပ်လပ် အိပ်၍မဖြစ်နိုင်။ အဲသလို ခွေခွေကွေးရင်း ဖိနပ်ကိုလည်း ချွတ်ကာ ရင်ခွင်ထဲ ရင်ခွင်ထဲ ပိုက်အိပ်ရ၏။

သို့မဟုတ်လျှင် မိုးလင်းကျဖိနပ်ပျောက်နေတတ်သည်။ သူ့ကိုတွေ့သည့် လူတချို့ကဇာတ်ရုံထဲ အသားလွတ်လာအိပ်သည်ဟု မထင်ကြ။ ဇာတ်လာကြည့်ရင်းအိပ်ချင်စိတ်ကိုမထိန်းနိုင်သူ တစ်ယောက်ဟုသာယူဆကြသည်။ ဆိုင်းသံတခြိမ်းခြိမ်းကို နားထောင်ရင်းအိပ်ရတာ တစ်မျိုးကောင်းသည်။ သုံးကားပေါင်း မိုးလင်းရုပ်ရှင်ရုံထဲဝင်အိပ်လည်းရသည်။ အကြောင်းမသိသော မိတ်ဆွေတစ်ဦးက ပွဲခင်းတစ်နေရာဝယ်ဆုံမိုက် "ဘယ်နေရာမှာ ဇာတ်ကက ခင်ဗျားကို အမြဲ တွေ့တယ်၊ တော်တော်ဇာတ်ဝါသနာပါတယ်ထင်တယ်"ဟုမှတ်ချက်ချဖူး၏။ သည်လိုနှင့် မိုးကျလာသည်။

ရန်ကုန်တွင် ပွဲလမ်းသဘင်မရှိတော့။ ဇာတ်များလည်းနယ်တက်သွားကြသည်။ သူလည်း အိပ်စက်နား နေရန် အခက်အခဲ ကြုံလာပြန်သည်။ သူ ဖြတ်သန်းသွားလာတတ်သော လမ်းတစ်နေရာရှိ ညောင်ပင်ကြီးတစ်ပင်အောက် အမြဲထိုင်နေသည့်အရူးတစ်ယောက်ရှိ၏။ မိုးကောင်းကင်နှင့် မြေကြီးအား အိမ်ပြုနေနိုင်သော ထိုအရူးဘဝကို အားကျချင်သလို ရှိမိဆဲ၊ မိုးတွေ သည်းထန်စွာ ရွာသည့် မိုးဦးကျ တစ်ည၏ နောက်နေ့နံနက်ခင်းဝယ် ထိုသူ၏ တစ်ကိုယ်လုံး မိုးရေစက်များ နစ်ရွှဲလျက် မြက်ခင်းပေါ်၌ အေးစက်တောင့်တင်းစွာ အသက်ပျောက်နေရှာသည်ကိုတွေ့ပြီး အကြီးအကျယ် တုန်လှုပ်ခဲ့ရ၏။

"မဖြစ်လို့ ပြောနေတာပါဗျာ"ဆိုသော သူ အားကိုးတကြီး လာခဲ့သည့် မိတ်ဆွေ၏ စကားက သူ့အသည်းနှလုံးကို အေး စက်တောင့်တင်းစေသည်။

"ကျွန်တော်တို့ ရပ်ကွက်တွေမှာ ခဏခဏ သန်းခေါင်စာရင်း စစ်တယ်ဗျ။ ဧည့်စာရင်းတိုင်ဖို့ အချိန်ကလည်း လွန်နေပြီ။ တိုင်မယ်ဆိုဦး ခင်ဗျားမှာက မှတ်ပုံတင် မရှိဘူး"

သူ မှတ်ပုံတင် ပျောက်နေတာ ကြာခဲ့ပြီ။

"ဒီလိုလုပ်ဗျာ၊ ညဥ့်သိပ်နက်နေတော့ တခြားသွားလို့လည်း မဖြစ်တော့ဘူး။ ကျွန်တော် ခင်ဗျားတို့အိမ်မှာ ညမအိပ်ဘူး၊ တစ်ညလုံး ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ထိုင်စာဖတ်နေမယ်။ ကျွန်တော့်ကို မီးခွက်တစ်ခွက်သာ ထွန်းပေးထား "

"ဘာထူးမှာလဲဗျာ ကျွန်တော် တကယ်မဖြစ်လို့ ပြောနေတာပါ။ ဈေးလမ်းဆုံမှာ ကုန်စိမ်းကြိုတဲ့ကားတွေ စထွက်နေပြီ ခင်ဗျားလိုက်သွားရင် ရပါတယ်"

သူ့အိတ်ထဲကို ကျပ်တန်နွမ်းနွမ်းလေး သုံးလေးရွက်လုံးထွေးထည့်ပေးရင်း မိတ်ဆွေလုပ်သူက ယဉ်ယဉ်ကျေးကျေး နှင်နေသည်။

"ကျွန်တော် လိုက်ပို့ရဦးမလား"

"နေပါစေဗျာ"

သူ အိမ်ပေါ်ကဆင်းကာ လမ်းမပေါ်ပြန်ရောက်ခဲ့သည်။ လမ်းဓာတ်မီးတိုင်များ၏ ဝါကျင့်ကျင့် မီး





ရောင်ဖျော့ဖျော့က ညဥ့်အမှောင်ထုကို မထိုးဖောက်နိုင်။ မည်းမှောင်တိတ်ဆိတ်သော အိမ်တွေထဲမှာတော့ သူ့လို လူသားများ အိပ်စက်နေကြပေသည်။

သံသရာတွင် ခန္ဓာဆိုသော အိမ်ကလေး ရနေသရွေ့ အိမ်ကလေးကို ထားရန် အိမ်တစ်လုံးတော့ လိုပြန်သည်။ လူ့ဘုံဆိုတာကလည်း (တချို့ကြီးတဲ့ တချို့သေးတဲ့၊ တချို့ခမ်းနားတဲ့၊ တချို့နုံချာတဲ့) အဲသလို အိမ်တွေ စုဝေးနေသည့် အိမ် အကြီးကြီးတစ်လုံးမျှသာ ဖြစ်သည်။ ကျွန်တော်တို့ဟာ တစ်အိမ်တည်း နေတဲ့သူတွေပါ။

ဘယ်ဆီကမှန်းမသိ။ ပျံ့လွင့်လာသည့် ဆည်းလည်းသံသဲ့သဲ့ကို တိုးမျှင်းညင်သာစွာ ကြားရသည်။ အသံကြားရာ အရပ်သို့ မျက်နှာမူလှည့်ကာ သူ လမ်းမပေါ်မှာပင် လက်အုပ်ချီ ကန်တော့မိ၏။

ဘုရားရဟန္တာ အရှင်သူမြတ်များလို ပါရမီဉာဏ် မရင့်သန်ဘဲ၊ ခန္ဓာအိမ်ကို အဖန်ဖန် ဆောက်မိနေဆဲ ဘဝများမှာ သူ့ အသည်းနှလုံး ကို ဖြူစင်အောင် အားထုတ်ရမည်။ သံသရာ တစ်နေရာရာမှာတော့ ဤအသည်းနှလုံးနှင့် လျော်ညီသော ဖြူစင်သည့် အိမ်ကလေးတစ်လုံးကိုတချိန်ချိန် သူ ရနိုင်ကောင်းပါပေသည်ဟု မျှော်လင့်ယုံကြည်ရပေသည်။

ဒဂုန်(စက်တင်ဘာ၊ ၁၉၈၆)

# ပိုက်ဆံနှင့်လူ

ပိုက်ဆံပေါ် မူတည်၍ အမှန်အမှား ဆုံးဖြတ်သော အလေ့အထကို ကျွန်တော်တို့ ငယ်စဉ်ကတည်းက သင်ကြားခဲ့ကြရ၏။ ထို ကိစ္စမှာခေါင်းပန်းလှည့်ခြင်း ဖြစ်သည်။ ခေါင်းပန်း လှည့်တိုင်း ဒိုင်လုပ်ရသူမှာ ကျွန်တော်တို့အထဲတွင် ပိုက်ဆံအပေါဆုံး ဖြစ်သော ဖေသော်ဖြစ်သည်။ ဖေသော်သည် ကျွန်တော် နှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သူလည်း ဖြစ်၏။ သူတို့သည် မိဘအစဉ်အဆက် ချမ်းသာကြွယ်ဝ ခဲ့ကြသည်။ ကစားတိုင်းလည်း ပိုက်ဆံအတတ်နိုင်ဆုံး ဖေသော်က အနိုင်ရသည်ကများသည်။ တစ်ခုတော့ရှိသည်။ ဖေသော်သည် သူအနိုင်ရသမျှ ပိုက်ဆံအားလုံးကို တစ်ပြားမကျန် ပြန်၍ မုန့်ဝယ်ကျွေးတတ်၏။ ထို့ကြောင့် ဖေသော်ကို ခင်မင်သူများသည်။

ကျွန်တော် လူပျိုပေါက်စအရွယ်တွင် အဘိုးဖြစ်သူက "လောကမှာ အခက်ခဲဆုံးအလုပ်ဟာ ဘာလဲကွ"ဟု မေးဖူး၏။ စိတ်ကူးတည့်ရာအမျိုးမျိုးဖြေသော်လည်း အဖြေမှန်မရ။ နောက်ဆုံးမှ အဘိုးဖြစ်သူက ပြုံးကာ "မင်းတစ်သက်လုံး မှတ်ထား၊ လောကမှာ အခက်ခဲဆုံး အလုပ်ဟာ ပိုက်ဆံကို သုံးစွဲရတဲ့ အလုပ်ပဲ"ဟု ပြော၏။ သည်တုန်းက သဘောမပေါက်။ ပိုက်ဆံကို စကားကောင်းကောင်း မပြောတတ်သေးသော ကလေးတွေကအစသုံးတတ်သည်။ အဘိုးကြောင်သည်ဟု ထင်သည်။ ပိုက်ဆံရှိလျှင် လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ ထိုင်လို့ရသည်။ ဂျင်းဘောင်းဘီ ဝယ်လို့ရသည်။ ရုပ်ရှင်ကြည့်လို့ ရသည်။

ထိုမှ နောက်နှစ်နှစ် သုံးနှစ်ကြာ၍ ရုပ်ကြမ်းဝါဒ စာပေလေး မတောက်တခေါက် လေ့လာမိသောအခါ ပိုက်ဆံအပေါ်အမြင်မှာ တစ်မျိုးတဖုံ ပြောင်းလဲသွားသည်။ အင်္ကျီအိတ်ထဲတွင် တစ်ထောင်တန် ထည့်ထားသောသူတွေလျှင်ပင် ဤသူကားမနေရှင်ပေါက်စပဲဟု မုန်းတီးစိတ်မွေးရ၏။ ထိုအချိန်က





စ၍ ဖေသော်နှင့် ကျွန်တော်လည်း ခပ်စိမ်းစိမ်းဖြစ်သွားကြသည်။ အမှန်တော့ ကျွန်တော့်ဘက်က သာ ဒီကောင်တွေ ဘူဇွာတွေပဲ ဟူသောအမြင်နှင့် ခပ်တန်းတန်း စတင်ဆက်ဆံခဲ့ခြင်း ဖြစ်သည်။ သူ့ဘက်ကမူ အခင်အမင်ပျက်ဟန်မတူ။ ကျွန်တော်ကတော့ ခါတိုင်းလို ကျောင်းသွားကျောင်းပြန် လည်း သူတို့ကားကြုံကို မစီးတော့။ သူက ကျွန်တော်တို့နှင့် လာရောလျှင်လည်း ဝေးဝေးနေစမ်းကွာ မင်းကိုယ်က ပေါင်ဒါစော်နံတယ် ဟု နင်ပစ်တတ်ကြ၏။

ကျွန်တော်တို့ လူစုကမူ စာအုပ်ထူကြီးများကို ချိုင်းကြားတွင်ညှပ်၊ ဆေးပေါ့လိပ်ကို လက်ကြားမှာ ညှပ်ကာ လမ်းဓာတ်မီးတိုင်အောက်ရပ်၍ မိုးအလင်း ငြင်းခုန်ဆွေးနွေးကြသည်။ တက်ထရွန်အင်္ကျီ အဟောင်းလေးများကို (ပစ္စည်းမဲ့ဆန်အောင်) မီးဖောက်ဝတ်ကြ၏။ သူငယ်ချင်းတစ်ဦးကမူ ဟီးနိုး ကားစီးလျှင် ဆိုဖာပေါ်၌ ဒီအတိုင်းမထိုင်။ အပေါ်မှ စက္ကူတစ်ရွက်ခင်းပြီးမှ ထိုင်၏။ (ဆိုဖာဆိုတာ ဓနရှင်အသုံးအဆောင်မို့ဟု အကြောင်းပြသည်။) ပစ္စည်းမဲ့ဒေါသပေါက်ကွဲတယ် ဆိုကာ ရပ်ထား သော ကိုယ်ပိုင်ကားများကို တံတွေးနှင့်ခိုးထွေး၏။ မဖြီးသင်သော ဆံပင်ရှည် ဖရိုဖရဲနှင့်။ ပါဝါမပါ သော မျက်မှန်ကိုတပ်သူကတပ်၊ ခုံဖိနပ်စီးသဖြင့် ဖိနပ်ပေါက်သူကပေါက်၊ အိမ်က အငေါက်ခံရသူက ခံရနှင့် ဘာတာဝန်မှ မရှိသော ကျောင်းသားဘဝတွင် လွတ်လပ်စွာ ခဏရူးသွပ်ခွင့် ရခဲ့ဖူးသည်။

ကျောင်းကထွက်၍ လက်တွေ့ဘဝနှင့် တကယ်ရင်ဆိုင်ရသောအခါ မာ့စ်၊ကိန်းနှင့် အဒမ်စမစ်အ ကြောင်းများများ သိရာကနေ၊ ပိုက်ဆံအစစ်အကြောင်း နည်းနည်းသိလာရသည်။ ပိုက်ဆံဆိုတာ ငွေ တွေကြေးတွေကို သွန်းလုပ်သုံးစွဲစဉ်က ငွေကြေး။ တစ်ခါကမူ ပိုက်ဆံဆိုသည်မှာ ဆိတ်တစ်ကောင်၊ ကျောက်ခဲတစ်ခဲ၊ ဆားတစ်ပုံ၊ ခရုခွံတစ်ခု ဖြစ်ခဲ့သော်လည်း သူ၏ အနှစ်သာရမှာ မပြောင်းလဲခဲ့။

လူသား၏ အကြီးမားဆုံးသောလိုအင်ဆန္ဒမှာ မိမိဘဝလုံခြုံလိုမှုဖြစ်သည်။ ဒီနေ့ခေတ်သည် တွေ့ရာ ဂူမှာခိုအောင်း၍ ကိုယ်တိုင်အမဲလိုက်စားနိုင်သောခေတ်မဟုတ်တော့။ အရာရာကို ပိုက်ဆံနှင့် ဝယ် ယူရသည်။ ဘဝလုံခြုံမှုအတွက် အဓိကလိုအပ်သောအရာမှာ ပိုက်ဆံဖြစ်လာသည်။ လူတိုင်း ပိုက်ဆံ ကို ရှာကြရသည်။ ကံ၊ဉာဏ်၊ဝီရိယ အကြောင်းသုံးပါးကိုလိုက်ကာ နည်းနည်းရသူကရ၍ များများ ရသူက ရသည်။

ကျွန်တော်တို့လည်း အစွန်းထွက်တန်ဖိုးသီအိုရီကိုသိသလို ဆေးပေါ့လိပ်ထက် စီးကရက်က ပို ကောင်းကြောင်းသိလာကြသည်။ ခုံဖိနပ်ထက် ကတ္တီပါသည်းကြိုးဖိနပ်က ပိုကောင်းကြောင်း သိလာ ကြသည်။ ပြင်သစ်နှင့်အမေရိကန် ရုပ်ရှင်များ ပြသည့်ရုံများဆီသို့ ခြေဦးလှည့်မိပြန်သည်။ (ယခင်က

ဤလိုကားမျိုးကို အပေါင်းအသင်းများဝေဖန်ခံရမည်စိုးသဖြင့် ခိုးကြောင်ခိုးဝှက် ကြည့်ခဲ့ ရသည်။)

ဥပဒေ၏ ပြင်ပများလည်းမဟုတ်။ သမ္မာအာဇီဝလည်း ကျမည်ဆိုလျှင် ပိုက်ဆံရှာရတာ ရှက်စရာဟု မယူဆတော့။ ဖေသော်နှင့်လည်း အရင်ကလို ခင်ခင်မင်မင် ပြန်ဆက်ဆံနိုင်ခဲ့၏။ သူလည်း အိမ်ထောင်ကျနေလေပြီ။ မိန်းကလေးဘက်က တိုက်နှစ်လုံး လက်ဖွဲ့သည်ဟု တဆင့်ကြားရသည်။ သူတို့ ဗိုလ်ချုပ်ဈေးထဲမှာ စိန်ရွှေရတနာဆိုင် ဖွင့်ထားသည်။ အပျင်းပြေ သဘော တခါတလေ သူက ကားပွဲစား လုပ်သလိုလို ကြား၏။ တွေ့လျှင် သူသည် အမြဲ သွက်လက်ရွှင်ပျ နေလေသည်။

စီးပွားရှာဖက်တစ်ဦးက မော်ရုံတောထဲမှ သမင်လိုက်ရသလိုပါပဲဟု ညည်း၏။ ထိုမော်ရုံတောထဲမှာ နည်းအမျိုးမျိုးနှင့် လမ်းပျောက်ကြသူများလည်း ရှိသည်။ ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်ကြသူများမှာ ချမ်းသာတဲ့ဒဏ်မခံနိုင်ကြ။ တစ်ရာ့ငါးဆယ်တန်နာရီ ဝယ်ပတ်ပြီး ဘယ်ဘက်လက်ကြီးတစ်ဖက် တည်း ကားလာတဲ့သူ။ အစိတ်တန် နေကာမျက်မှန်ကို တပ်ပြီး ကောင်းကင် ကြီးကို မော့ကြည့်ရင်း လျှောက်တဲ့သူတွေနှင့် လောကကြီးအတွင်းမှာ မတိုက်မိအောင် ရှောင်ရသည်။ တချို့ကတော့ လက်ထဲမှာရှိသော ပိုက်ဆံနှင့် စားစရာ ဝတ်စရာလောက်သာမက အရက်ပုလင်း၊ ဖဲထုပ်၊ မိန်းမနှင့် အပါယ်လေးပါးပါ ဝယ်ကြသည်။ ဒီတော့မှ သူတို့ကို တအံ့တသြ ကြောက်လန့်သောစိတ်နှင့် ငေးမောကြည့်ရင်း "လောကမှာ အခက်ခဲဆုံး အလုပ်ဟာ ပိုက်ဆံသုံးရတာပဲ "ဆိုသည့် အဘိုးစကား ကို သဘောပေါက်လာ၏။

အဲ့ဒီအသိနှင့် ကိုယ့်ပိုက်ဆံကိုစင်ကြယ်ဖြူသန့်စွာ သုံးစွဲမိဖို့ဂရုထားတတ်လာ၏။ ပိုက်ဆံဆိုတာ ဒုစရိုက်နွံထဲ ဆင်းစရာ လှေကားထစ်များအစား သန့်ရှင်းသောပီတိ၏ ပန်းပွင့်များသာ ဖြစ်သင့်၏။

Money is a kind of poetry "ပိုက်ဆံဆိုတာ ကဗျာတစ်မျိုးပါပဲ" ဆိုသည့် အနောက်တိုင်း အဆိုတစ် ခုကို တွေ့ကာ သဘောကျမိ၏။ ပိုက်ဆံမရှိတာထက် ပိုက်ဆံရှိတာက ပို ကဗျာဆန်တာအမှန်ပင်။

အိမ်ကလေးကို မီးခိုးနုနု ဆေးသုတ်မည်။ မှန်တံခါးတပ် ပြတင်းပေါက်ဘောင်များကတော့ အဖြူ။ ထိုပြတင်းပေါက်များတွင် ဖက်ဖူးရောင်ဇာခန်းဆီးများလွင့်ပါးနေရမည်။ စာရေးစားပွဲပေါ်မှ ကြွေပန်း အိုးထဲမှာတော့ အီကေဘားနားနည်းဖြင့်ပြင်ဆင်ထားသော ခရမ်းရောင်သစ်ခွပွင့်တစ်မျိုးနှင့် စိမ်း မှောင်မှောင် ကျောက်ခက်ရွက်သေးလေးများ ရှိမည်။ ခြံစည်းရိုးကို နှင်းဆီအဝါများဖြင့် ခတ်မည်။ ကိုယ်က ရေမကူးတတ်သော်လည်း ခြံထဲမှာ ပြာလဲ့လဲ့ ရေကူးကန်တစ်ခု ရှိနေ စေချင်သေးသည်။





လဝါသော ညများတွင် မီးမှိတ်ထားသော ဝရံတာမှာထိုင်ရင်း နားထောင်ဖို့ ဗီသိုဗင် နှင့် ချိုက်ကော့ စကီးတို့ရဲ့ ဓာတ်ပြားတွေလည်းရှိဦးမှာပေါ့။ ဖျော်ရည်ပုလင်းတွေ သုံးဆယ့်ငါးကျပ်အထိ ဈေးတက် နေသည်။ ရေခဲသေတ္တာထဲမှာနစ်ဒါဖင်လောက် သိုလှောင်ထားသင့်၏။ ပျင်းလျှင် အလန်းဂင်းစ် ဘတ်၏ ကဗျာစာအုပ်ဖြစ်ဖြစ်၊ (၇၆) ခုနှစ်ကဆုံးသွားတဲ့ စာရေးဆရာမ ကာဆွန်မက္ကေလာလား ရဲ့ ဝတ္ထုတစ်ပုဒ်ပဲဖြစ်ဖြစ် စာအုပ်စင်ဖြူဖြူထဲက ယူဖတ်ချင်ဖတ်၊ ပီတာဝိုင်ယာရဲ့ ရုပ်ရှင် ကားတစ်ခွေကို ဗီဒီယိုစက်ထဲ ထည့်ကြည့်ချင်ကြည့်၊ သို့သော် ထိုကိစ္စအားလုံးမှာ ပိုက်ဆံရှိမှ ဖြစ်နိုင်လေသည်။

အခုတော့ မော်ရုံတောထဲမှာ သမင်လိုက်ရင်းနှင့်ပင် ထိုသမင်သည် ဘီလူးက အယောင်ဆောင်ထား သော သမင်ဖြစ်ကြောင်းလည်း သိမြင်ခဲ့ပြီးလေပြီ။ ပိုက်ဆံနှင့် မိမိသမိုင်း၏အပြန်အလှန် ဖြတ်သန်းမှု အရ ဉာဏ်နှင့် ဝီရိယမပေါ့သော်လည်း ချမ်းသာကြွယ်ဝဖို့ဆိုတာကတော့ ကံအကြောင်းနှင့်သာ ဆိုင်သည်ဟု ရင်ထဲက လောဘအမောကို နည်းမှန်လမ်းမှန် ရောင့်ရဲ လျှော့ဖြေနိုင်ခဲ့သည်။

တစ်နေ့တော့ ပပဝင်းရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ရန် စောင့်စားနေခိုက် ကြိုတင်လက်မှတ်လာဝယ် သော ဖေသော်နှင့်တွေ့၏။ သူစီးလာသော အစိမ်းနုရောင် လင်ဆာကားသစ်မှာ မျက်စိကျိန်းလောက် အောင် တောက်ပြောင်နေသည်။ သူက တစ်ခုခုသောက်ရအောင်ပြောသဖြင့် အနီးမှ လက်ရွေးစင် ကဖေး သို့ ရောက်သွားကြသည်။ ကျွန်တော်က

"ရှစ်မိုင်မှာ မင်းတို့ တိုက်သစ်တစ်လုံး ဆောက်နေတယ်ဆို"

"ဟုတ်တယ်ကွ၊ ခြံက ဒီအတိုင်းပစ်ထားတာ ကြာပြီ၊ တိုက်ဆောက်ပြီး အငှားထားမလားလို့"

"မင်းကလည်း လောဘကြီးလှချည်လား"

ကျွန်တော် နောက်နေမှန်း သူသိ၏။ ပြုံးကာ...

"အဲဒီက ရတဲ့ငွေကလှူဖို့ပါကွာ"ဟုဆိုသည်။ သူတို့လင်မယားမှာ သားသမီး မပွားစီး။ တခြားထောက်ပံ့ရမည့် သူလည်းမရှိ။

"မင်းတို့ကော အဆင်ပြေရဲ့လား"

"သင့်ရုံပဲ"

"ကောင်းပါတယ်၊ ပိုက်ဆံကိုတော့ မှန်တဲ့နည်းနဲ့ ရအောင်ရှာကွာ၊ ပိုက်ဆံရှိတော့ လောဘ ဒေါသ မောဟ ကင်းတာပေါ့"

"ဟင်...ဘယ်လိုကွ...."

"ဒီလိုလေကွာ၊ ဘုရားကို သိကြားက တစ်ခါက " သတ္တဝါတွေရဲ့ အပါယ်ကျရာ အကြောင်း

အကြောင်းတရားဟာ ဘာပါလဲ ဘုရား”လို့မေးလျှောက်ဖူးတယ်။ ဘုရားရှင်က ဣဿာမစ္ဆရိယ ဆိုတဲ့ ဝန်တိုငြူစူတဲ့စိတ်ပဲ လို့ ဖြေတယ်တဲ့။ မင်း တွေးကြည့်လေ။ လူတိုင်းဟာ လိုသမျှသာ ရနေရင် ဘယ်သူ့ကိုမှ ငြူစူတဲ့စိတ် မွေးကြမှာမဟုတ်ဘူး”

“အင်း....ရေးတေးတေးတော့ ရှိတယ်”

“အိမ်မရှိတဲ့သူက အိမ်ရှိချင်တယ်။ အိမ်ရှိတဲ့လူကို မနာလို ဖြစ်တယ်။ ငြူစူစိတ်မွေးတယ်။ အိမ်ရှိတဲ့လူကလည်း တိုက်ရှိတဲ့လူအပေါ်၊ တိုက်ရှိတဲ့လူကလည်း တိုက်အပြင် ကားရှိတဲ့လူအပေါ် မနာလိုငြူစူစိတ် ဖြစ်တယ်။ လူတိုင်းသာ တိုက်ရယ် ကားရယ် ရှိမယ်ဆိုရင် အဲဒါနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်နိုင်တဲ့ မနာလို ဝန်တိုစိတ်မျိုးလောက်ကိုတော့ သူတို့ဟာ ပယ်သတ်နိုင်ပြီးသားဖြစ်လိမ့်မယ် ထင်တယ်။ အဲဒါက ပိုက်ဆံနဲ့ လောဘ ဒေါသ မောဟ ကို ပယ်တဲ့နည်းပေါ့”

“မင်း ဆေးမြီးတို မဆိုးဘူး”

လမ်းပေါ် ပြန်ရောက်သောအခါ ဖေသော်ကတံတွေးတချက်ထွေးလိုက်၏။ အမှတ်တမဲ့ဖြစ်သော်လည်း ကျွန်တော်ကသူနှင့်ပတ်သက်သော ငယ်စဉ်ကကိစ္စလေးတစ်ခုကို ချက်ချင်းပြန်အမှတ်ရမိ၏။

ကျောင်းသားဘဝက တံတွေးထွေးလျှင် ကျွန်တော်တို့ အားလုံး “ထွီ”ဟု မြည်သော်လည်း ဖေသော်က “ထွမ်”ဟု တမင်မြည်သံပြုကာထွေးတတ်၏။ သူက “တို့က တိုက်ထဲမှာ ထွေးနေကျမို့ လိုဏ်သံပါနေတာကွ” ဟုနောက်၏။ ပိုက်ဆံရှိလျှင် တံတွေးထွေးသံပင် ကွာခြားတတ်ကြောင်း ထိုစဉ်ကတည်းက ကျွန်တော် သိခဲ့ဖို့ ကောင်းပါသည်။

ဒဂုန်(ဇန်နဝါရီ၊၁၉၈၇)





# တိမ်နှင့်လူ

ငယ်စဉ်က မကြာခဏပင် ကောင်းကင်သို့ ပျံတက်လိုသောစိတ် ဖြစ်ပေါ်ခဲ့ဖူးသည်။ အခြားဆန္ဒရှိလှသောကြောင့် မဟုတ်။ တိမ်ကို ကိုင်ကြည့်လိုမှု တစ်ခုကြောင့်ဖြစ်သည်။ အပြာနရောင် မိုးပြင်မှာ ဆွတ်ဖြူသည့် တိမ်စိုင်တို့ ပွတ်ရုပ်မျောလွင့်နေပုံကို သစ်ပင်ခွကြားပေါ် တက်ထိုင်၍လည်းကောင်း၊ အိမ်ခေါင်မိုးသွပ်ပြားပေါ် ပက်လက်လန်လှဲ၍ လည်းကောင်း၊ တမက်တမော ကြည့်ဖူးသည်။ ဤဆွတ်ဖြူနုအိသည့် တိမ်တိုက်တို့ အပေါ်သာ ထိုင်လိုက်သွားရလျှင် ကြားဖူးသော ပုံပြင်တွေထဲက ကော်ဇောပျံစီးရတာမျိုးထက် သာလိမ့်မည်ဟုတွေးမိ၏။ ကလေးသာသာ လူပျိုပေါက်ဘဝ စိတ်ကူးနှင့် ထိုတိမ်တိုက်တို့ အထဲတွင် တိုးဝှေ့လူးလှိမ့်ချင်သည်။ ပျော်မြူးခုန်ပေါက် ချင်သည်။

သူငယ်ချင်းမိုးကျော်ဆီက ဆေးရောင်စုံ ရုပ်ပြစာအုပ်ထဲတွင် အတောင်ပေါက်နေသော လူများ၏ပုံကို တွေ့ရသောအခါ သူတအံ့တဩသဘောကျမိပြန်သည်။ ရုပ်ပြစာအုပ်ကို နိုင်ငံခြားမှ ပြန်လာသည့် မိုးကျော်အဖေယူလာခဲ့ခြင်းဖြစ်သည်။ သူ့ဘဝတွင် တိမ်တွေအကြောင်းကို ပထမဆုံး ပြောနိုင်သူမှာလည်း မိုးကျော်ပင် ဖြစ်၏။ ကျောင်းပိတ်ရက်တွင် မိုးကျော်သည် သူ့ အဘိုးနှင့် အဘွားရှိရာ မန္တလေးသို့ လေယာဉ်ပျံဖြင့် သွားလည်ခဲ့သည်။

“တို့စီးတဲ့ လေယာဉ်ပျံက တိမ်တွေထဲကို ဖောက်ဝင်သွားတယ်”

သူ ရင်တွေခုန်နေသည်။ သူတို့အထဲတွင် မိုးကျော်သည် တိမ်တွေထဲသို့ ဦးဆုံးရောက်ခဲ့သော သူရဲကောင်း ဖြစ်သည်။

“မင်း အဲဒီတိမ်တွေကို ကိုင်မကြည့်ခဲ့ဘူးလား”

သူ့မေးခွန်းကို ကြားသောအခါ မိုးကျော်က အားရပါးရ ရယ်၏။ သူက လေယာဉ်ပျံ၏ ပြတင်းပေါက်များသည် ဘတ်စ်ကားပြတင်းပေါက်များလို ဖွင့်ရပိတ်ရ လွယ်လိမ့်မည်ဟု ထင်မှတ်ခဲ့၏။

“တိမ်ဆိုတာ မီးခိုးလိုပါပဲကွာ”

မိုးကျော်သည် တိမ်များကို စိတ်ဝင်စားသူ မဟုတ်ချေ။ သူ့မိဘများသည် ချမ်းသာသော အရာရှိများ အရာရှိများဖြစ်သည်။ သူ့ဆီတွင် နိုင်ငံခြားဖြစ်ကစားစရာများ၊ နိုင်ငံခြားဖြစ် ဆေးရောင်စုံ ရုပ်ပြစာအုပ်များ များစွာရှိသည်။ မိုးကျော်သည် တိမ်များကိုသာမဟုတ် ဘာကိုမျှစိတ်ဝင်စားသူ မဟုတ်

ချေ။ နောက်ဆုံး သူ့ကိုစိတ်ဝင်စားနေသည်ဆိုသော အလှဆုံးဖြစ်သည့် ဖြူဖြူလွင်ကိုပင် စိတ်ဝင်စား သူ မဟုတ်ချေ။

"မင်းကြီးလာရင် ဘာလုပ်မလဲ" ဟု မိုးကျော် ကို မေးလျှင်....

"ဘာမှ မလုပ်ဘူး" ဟု ဖြေတတ်သူသာ ဖြစ်သည်။

သူ ကတော့ ရည်ရွယ်ချက်ထားခဲ့ရသည်။ သူတို့ဘဝက နိမ့်ကျသည်။ သူတို့အဖေ၏ အဖေများဘဝ ကလည်း နိမ့်ကျခဲ့သည်။ အဖေက အထက်တန်းစာရေး၊ မောင်နှမလေးဦးထဲတွင် သူက အကြီးဆုံး။ ကန်စွန်းရွက်ကြော်နှင့် ပဲဟင်းကိုတစ်လှည့်စီ စားနေရသောဘဝမှ တစ်နေ့ကျွတ်လွတ်မည်ဟု သူ အားခဲမျှော်မှန်းခဲ့သည်။ သူ ပညာတတ်အောင် သင်မည်။ သူသည် အတန်းထဲတွင် အဆင့်သုံးထက် လျော့ရလေ့မရှိခဲ့။ ဆေးတက္ကသိုလ်ဝင်ခွင့်ရအောင် ကြိုးစားမည်။ အဖေက "မင်းသာကြိုးစား ငါတို့ ငါးပိရည်နဲ့ စားပြီး ထားပေးမယ်"ဟု ပြော၏။ သူ အောင်မြင်သော ဆရာဝန်တစ်ယောက် ဖြစ်ရမည်။ သူတို့ ငှားရမ်းနေကြသည့် ဤပိတ်မှောင်မွန်းကျပ်နံဟောင်သော အခန်းကျဉ်းကလေးထဲမှ သူ့ မိသားစုကို (မိုးကျော်တို့လို လှပသောနှစ်ထပ်တိုက်တစ်လုံးမဟုတ်တောင်မှ) ယခုထက်ပို၍ သက် သောင့်သက်သာရှိသော အိမ်ကလေးတစ်လုံးဆီသို့ခေါ်ဆောင်သွားချင်သည်။ ထိုအိမ်သည် အလင်း ရောင်နှင့် လေကောင်းစွာရရုံမက တိမ်များကိုလွတ်လွတ်လပ်လပ် ကြည့်မြင်နိုင်သော ပြတင်းပေါက် လည်း ရှိရမည်။

နေဝင်လုနီးတွင် မျှော်လင့်ချက်တိမ်တောင်များ ရွှေရောင်တောက်ပနေခဲ့သည်။ ရုတ်တရက် ထွက်ပေါ်လာသော အဖေ၏ ချောင်းဆိုးသံက တိမ်များကို လွင့်ရဲသွားစေခဲ့သည်။ အဆုတ်ရောဂါဟု သိရ၏။ သွေးစစ်သော တိမ်များမှာရုတ်ခြည်းနီပုပ်၍ သွားလေသည်။အဖေ ဆေးပင်စင် ယူရသည်။ သူဆယ်တန်းကို အပြင်မှဖြေသည်။ ကံကောင်းထောက်မသဖြင့် အောက်တန်းစာရေးလေးတစ်နေ ရာရ၏။ ကျောင်းနေဆဲ သူ့အောက်မှကလေးများ ပညာသင်ကြားရေး ဖရိုဖရဲမဖြစ်အောင် မနည်းစီမံရသည်။ အဖေ့အလုပ်ထဲမှ ရသောစုငွေဖြင့် အမေက အိမ်ဆိုင်ကလေး ဖွင့်၏။ သူတို့အ ခန်းမှာ ပိတ်မှောင်မွန်းကျပ် နံဟောင်မြဲ ဖြစ်သည်။ သူလည်း တိမ်တွေကို မေ့လျော့သွား၏။

ကျောင်းနေစဉ်က ကိုယ့်ဘက်ကရာနှုန်းပြည့် သေချာစွာသူနှင့်မှ အိမ်ထောင်ပြုမည်ဟု ကျိတ်ရည် မှန်းထားခဲ့သော တဖက်သတ်ချစ်သူနှင့်လည်း ဝမ်းနည်းဖွယ် အေးစက်လွင့်ဝေးခဲ့ရလေပြီ။ တခါတရံ လမ်းဘေးမှာ ဘရာကြော်သုတ် ထိုင်စား နေစဉ် ဖြတ်သန်းသွားသော ကားပေါ်၌ သူပါသွားသည်ကို လျှပ်ပြက်သလို မြင်လိုက်ရခြင်းမျိုးကလွဲ၍ ကြုံကြိုက်ခွင့်မသာတော့ပြီဖြစ်၏။ ရင်ထဲက နလုံးလှုပ်ခုန် ပူနွေးစက သူ တမေ့တမော ကြည့်ခဲ့ဖူးသော တိမ်ကလေးတစ်စိုင်ပဲ ဆိုပါစို့။ အခုတော့ ရုံးချိန်မီရန်





ခပ်သုတ်သုတ် သွားနေရသောအခါ ခလုတ်တိုက်မလဲအောင် မြေကြီးကိုသာ ငုံ့ကြည့်နေရတော့၏။ သို့ဖြင့် ညိုညို နှင့်တွေ့ခဲ့သည်။

ညိုညိုသည် သူနှင့်တစ်ဌာနတည်းမှာ လုပ်ကိုင်နေသော အကူစာရေးမလေး ဖြစ်သည်။ ညိုညိုသည် ပြုံးလိုက်လျှင် အနည်းငယ် ချစ်စရာကောင်းသည်ကလွဲ၍ သာမန်အရပ်သူ ရုပ်ရည်ရှိသူသာ ဖြစ်သည်။ သူတို့လိုပင် ညိုညိုတို့ သည်လည်း နိမ့်ကျသည်။ သူတို့လိုပင် ညိုညိုတို့သည်လည်း ပိတ်မှောင်မွန်းကျပ် နံဟောင်သောအခန်းကျဉ်းတစ်ခန်းကို ငှားရမ်းကာနေထိုင်ကြသည်။ ညိုညိုနှင့် သူသည် စာပေးစာယူ အနီးကပ်သင်တန်းကို အတူတူတက်ရင်းက ချစ်သူများဘဝသို့ ရောက်သွား ကြ၏။ ထူးခြားသည်မှာ ညိုညိုသည်လည်း သူ့ကဲ့သို့ပင်ငယ်စဉ်ကတိမ်များကို ကြည့်ကာတမေ့ တမော ရှိခဲ့ဖူးသူဟုဆို၏။ ယခုတော့ ထိုအကြောင်းကို ပြန်ပြောကာ သူတို့ ပြိုင်တူရယ်မောကြသည်။

"ကျွန်တော်ကတော့ ကြီးလာရင် ဆရာဝန်လုပ်မယ်"

ဟု ပညာချွန်သည့် ရှစ်တန်းကျောင်းသား သူ့ညီအငယ်ဆုံး၏ စကားကို ကြားသောအခါ သူမရယ်နိုင်တော့ပါ။ သူ့ညီ ခေါင်းထဲမှ ရွှေရောင်တိမ်တိုက်တစ်ခုကို သူမမြင်သော်လည်း သိနေမိသည်။ အဖေဆုံးသွားခဲ့ပြီ။ ငယ်စဉ်က ကျောင်းအုပ်ဆရာ မကြီးလုပ်မယ်ဟု ပြောခဲ့ဖူးသော သူ့ညီမမှာ ဂုန်နီစက်ရုံတွင် အလုပ်သမဖြစ်နေ၏။ အမေ့ဈေးဆိုင် ပြုတ်သွားခဲ့သည်။ သူတို့ အခန်းကျဉ်းကလေးထဲမှာ ပိတ်မှောင်မွန်းကျပ် နံဟောင်မြဲ ဖြစ်၏။ အမေက ချောင်းဆိုးပြန်သည်။ အမေ့အတွက် မြို့ထဲမှာ ဆေးရှာဝယ်နေစဉ် မတွေ့တာကြာပြီဖြစ်သော မိုးကျော်နှင့်တွေ့သည်။ သူတို့မတွေ့ဖြစ်သည်မှာ ခုနစ်နှစ်ခန့်ရှိပြီ။ မိုးကျော်သည် တောင်တန်းဒေသတစ်ခုတွင် အရာရှိကြီး တစ်ဦး ဖြစ်နေလေသည်။

"ငါလက်ထပ်တာရော သိလား"

သူ ခေါင်းညိတ်ပြလိုက်၏။ မိုးကျော်နှင့် ဖြူဖြူလွင်တို့ အင်းလျားလိတ်ဟိုတယ်တွင် လက်ထပ်ကြ သည့် သတင်းကို လွန်ခဲ့သောသုံးနှစ်ခန့်က သတင်းစာထဲတွင် သူဖတ်လိုက်ရ၏။ ထိုနေ့က သူ အနည်းငယ် ဝမ်းနည်းမိကြောင်း ဝန်ခံရပေမည်။ ဖြူဖြူလွင်ဆိုသည်မှာ သူ ကျောင်းနေစဉ်က တဖက်သတ် ခိုးချစ်ခဲ့ဖူးသူ ဖြစ်၏။ သူတို့ကို နှစ်ဖက်မိဘက ပေးစားတာ ဟု ဆိုသည်။

"မင်းရော"

သူ က ခေါင်းခါပြ၏။ ညိုညိုနှင့်သူသည် ယနေ့ထက်တိုင် လက်မထပ်ဖြစ်ကြသေးချေ။ မကြာခင်က အထက်တန်းစာ ရေးရာထူးအတွက် ရုံးတွင်းစာမေးပွဲကို သူ ဖြေထားခဲ့၏။ စောင့်စားမျှော်လင့်နေ သလို အောင်စာရင်းထဲတွင် သူ့နာမည် ပါလာခဲ့လျှင် သူနှင့်ညိုညိုတို့ နှစ်ယောက်တည်းနေထိုင်ရန်

အလိုရှိနေသည့် နောက်ထပ် မွန်းကျပ်နံ့ပောင်သော အခန်းကျဉ်း ကလေးတစ်ခန်း ငှားရမ်းရန်ကိစ္စမှာ ယခုထက်ပို၍ နီးစပ်သွားနိုင်ပေလိမ့်မည်။

"မင်းကိုငါ သတိရတာ တစ်ခုရှိတယ်"

"ဘာလဲ"ဟု သူကမေး၏။ မိုးကျော်က...

"တို့ဆီမှာ ပြတင်းပေါက်တံခါးကို ဖွင့်ရင် တိမ်တွေက အိမ်ထဲဝင်လာတယ်ကွ"

ငေးငိုင်နေသော သူ့ကိုနှုတ်ဆက်၍ မိုးကျော်ထွက်သွားသောအခါ သူ့ခေါင်းထဲကို အတွေးတစ်ခု ဝင်ရောက်လာလေသည်။ မိုးကျော်တို့အရပ်တွင် တောင်တို့သည်ပင်မြင့်လွန်းနေသလား၊ တိမ်တို့သည်ပင် နိမ့်လွန်းနေလေသလား ။

ဒဂုန်(ဖေဖော်ဝါရီ၊ ၈၆)



ဆရာသစ္စာနီရဲ့ အခြားသောအရာများနှင့်လူ
ဝတ္ထုတိုစု ကို ကျွန်တော်ရိုက်တင်ပေးပါ့မယ်။
စာအုပ်မှာ ပါတဲ့ အစဉ်အတိုင်း မဟုတ်ဘဲ
အလျဉ်းသင့်သလို ရိုက်တင်ပေးသွားပါ့မယ်။
ကျေးဇူးပါ။

moezaw12 (mmcybermedia)

mmcybermedia.com

edit & PDF • rfanquee (mmcybermedia)